# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၄)ရက် ၊ ကြာသပတေးနေ့ ၊ (25-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၄၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့

## ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅(World Atomic Week Forum 2025)သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ




နေပြည်တော် စက်တင်ဘာ ၂၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅(World Atomic Week Forum 2025)သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

RHINO PORTLAND CEMENT · DOUBLE ELEPHANT PORTLAND CEMENT · BLUE DIAMOND CEMENT · မြင်းပျံ PORTLAND CEMENT

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်

**အယ်ဒီတာ့အာဘော်**

# တက္ကသိုလ်အဝေးသင်စာမေးပွဲများကို ကြိုးစားမှုရလဒ်ဖြင့် အောင်ပန်းဆင်

တက္ကသိုလ်အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုမည့်ရက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ဘဝတက်လမ်းအတွက် အဝေးသင် သင်တန်းစာမေးပွဲဖြေဆိုရန် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် သတ်မှတ်ရက်များ အသီးသီး၌ ဖြေဆိုကြရမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များကို ပထမသုတ် အဝေးသင်သိပ္ပံအထူးပြုဘာသာရပ်များအားလုံးကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၉ ရက်ထိလည်းကောင်း၊ ဒုတိယအသုတ် အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ)ကို ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိလည်းကောင်း၊ တတိယအသုတ် အဝေးသင်ဝိဇ္ဇာအထူးပြုများ(ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ)ကို ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိလည်းကောင်း အသီးသီးဖြေဆိုကြရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနက ကြေညာထားသည်။

အဝေးသင်ပညာရေးသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအနေဖြင့် ပညာသင်ရင်း လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်လိုသူများ၊ တက္ကသိုလ်ပညာကို နေ့စဉ်တက်ရောက်သင်ယူရန်အချိန်မပေးနိုင်သူများ၊ အချို့စီးပွားရေးတွင် အချိန်ပေးနေရသူများအနေဖြင့် သင်ယူနိုင်သောပညာရေးစနစ်ဖြစ်သည်။ ထိုသို့အဝေးသင်ပညာသင်ယူသူများသည် စီးပွားရှာ၍ ဘွဲ့တစ်ခုကိုယူနိုင်သကဲ့သို့ ပိုနေသောအချိန်များတွင် အလုပ်လုပ်နိုင်သောကြောင့် ငွေကြေးရရှိကာ မိမိတို့၏ဘဝကိုသာမက မိမိမိသားစုကို တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးနိုင်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သောကြောင့် ပညာတတ်မှ၊ စာတတ်မှသာ လူများအလယ်တွင် တင့်တယ်လူရာဝင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာတွင်လည်း ဝင်ဆံ့စေမည်ဖြစ်သည်။ ထို့ကြောင့် ပညာရပ်များကို အချိန်တိုတိုအတွင်း မြန်မြန်ရယူနိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားသင်ယူတတ်မြောက်ရမည်ဖြစ်သည်။ မိမိဘဝအတွက် နိုင်ငံတော်၏အနာဂတ်အတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ ပညာရေးပင်ဖြစ်သည်။ ထို့ပြင် ပညာရေးဟူသည် ဘဝကိုရှေ့ဆောင်နိုင်သောလမ်းပြကြယ်ပင်ဖြစ်သည်။ တက္ကသိုလ်ပညာရပ်သည် အတန်းပညာတစ်ခုတည်းသာမက လူမှုဆက်ဆံရေးအတွက်ပါ အတွေ့အကြုံရရှိစေရန်၊ မိမိတို့ဘဝရပ်တည်မှုအတွက် သင်ကြားပေးနေသောပညာရပ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ယနေ့လူငယ်များ၏အနာဂတ်ဘဝလှပရေးနှင့် နိုင်ငံအကျိုး ကြိုးပမ်းဆောင်ရွက်စေမည့် လူသားအရင်းအမြစ်များပေါ်ထွန်းလာစေရေးအတွက် အဆင့်မြင့်ပညာသင်ယူတက်လှမ်းနိုင်ရေး သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် အဝေးသင် သင်တန်းစာမေးပွဲများ ကျင်းပတော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘဝအဆင့်တက်လှမ်းနိုင်ရေး တက္ကသိုလ်အဝေးသင် သင်တန်းစာမေးပွဲများဖြေဆိုရာတွင် ကြိုးစားမှုရလဒ်ဖြင့် အောင်ပန်းဆင်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၉၄
ရက်
သာ လိုတော့သည်။

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့**

**INTERNATIONAL DAY OF OLDER PERSONS**

**ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး**

" Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights"

၁.၁၀.၂၀၂၅ နေပြည်တော်

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၂၅၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၇၂၅၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၂၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဂျုံစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဂျုံဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူအသိပညာ ပေးဆွေးနွေးတာတွေ လုပ်မယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့ ဆောင်ရွက်ပေးသွားမယ်။ ဂျုံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေး သွားပါမယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ဂျုံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဂျုံများ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဂျုံသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် သုံးသိန်းခန့် ကုန်ကျပြီး ဂျုံတစ်ဧက စိုက်ပျိုးပါက ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

ဂျုံသီးနှံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံသီးနှံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကြံခင်း စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

ကြံခင်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများထွက်ရှိပြီး စက်တင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ကြက်ဟင်းခါးသီးများ ဝယ်လိုအား ကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင်ထွက်ရှိသည့် ရောင်းတမ်းဝင်ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြံခင်းမြို့နယ်က ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ လက်ရှိ ဒေသထွက် ကြက်ဟင်းခါးသီးတွေက အရည်အသွေးကောင်းနေပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသတွေက အဝယ်များနေပါတယ်။ လက်ရှိ တစ်ရက်တာရောင်းအားက အလုံးရေ ၄၀၀၀၀ ကနေ ၅၅၀၀၀ ထိရှိပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်"ဟု ကြံခင်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် လွန်ငင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွန်ငင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဒုတိယကြိမ်မြောက်ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက လွန်ငင်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၂၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် ပျော်ဘွယ်မြို့နယ် လွန်ငင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၂၈ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ပြောပြ၍ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ လေးကျွန်းစကြာ်ကျောင်းဆရာတော်- ဦးဘဒ္ဒန္တကာရုဉသိဒ္ဓိက ခမည်းတော် ဦးလှမောင်အားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ၁၁၀၀၀၀၀ နှင့် ဆန်အိတ်တစ်အိတ်လှူဒါန်းရာ ဆွမ်းကွမ်း ဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး - ဦးဝဏ္ဏနှင့် ဆွမ်းကွမ်း အဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၈၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၈၃ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၃၈၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၃၈၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာစတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေ ပေးသွားမှာဖြစ်ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်မြို့နယ် ကော့ခမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ခမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် မိသားစု ဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည် ။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက ကော့ခမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

သုတ

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသင်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ကင်းမွန်ခြောက်သာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကင်းမွန်ခြောက်များကို ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ငါးခြောက်တွေအပြင် ကင်းမွန်ခြောက်တွေပါ ပိုမိုတင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကင်းမွန်အရွယ်စုံအစိမ်းတွေကို အခြောက်ခံပြီး ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့ရောင်းချခဲ့တာပါ။ ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေကြပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ကင်းမွန်အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်" ဟု ဒေးဒရဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသင်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ကင်းမွန်များကို ဝယ်ယူပြီး စနစ်တကျ အခြောက်ခံကာ ကင်းမွန်ခြောက်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကင်းမွန်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း



# ဘင်္ဂလားသွားစာတမ်း(၁)

ဗိုလ်ရှိတ်(ရတနာပူရ)

ဘင်္ဂလားသွားစာတမ်း ဟူသောအမည်ဖြင့် ရေးခေတ်ကရေးသားပြုစုခဲ့သော ကျမ်းတစ်စောင်ရှိသည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ ဘင်္ဂလားသို့သံတော်အဖြစ် သွားရောက်ခဲ့သည့်အကြောင်းကို ရေးသားမှတ်တမ်းတင်ထားသော ကျမ်းဖြစ်သည်။ ဘင်္ဂလားသို့သွားရသော သံအဖွဲ့၏ခေါင်းဆောင်မှာ အရေးပိုင်မင်းကြီး စိန္တကျော်သူ ဦးရွှဲဖြစ်သည်။ စိန္တကျော်သူဦးရွှဲ ခေါင်းဆောင်သော သံအဖွဲ့သည် ဘင်္ဂလားသို့သွားရခြင်းမှာ အကြောင်းရှိသည်။ ထိုအကြောင်းကိုသိစေရန် နောက်ခံသမိုင်းအကျဉ်းကိုဆိုပါဦးမည်။

၁၁၈၁ ခုနှစ်တွင် ဘကြီးတော်စစ်ကိုင်းမင်းသည် ဘိုးတော်ဗဒုံမင်းအရိုက်အရာ အမရပူရထီးနန်းကို ဆက်ခံခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် အင်္ဂလိပ်တို့နှင့်စစ်ဖြစ်ပွားခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာစစ်ပွဲသည် ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့သော စစ်ပွဲဖြစ်သဖြင့် အင်္ဂလိပ်မြန်မာစစ်ပွဲသည် ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့သောစစ်ပွဲဖြစ်သဖြင့် မြန်မာ့သမိုင်း၌ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဟူ၍မှတ်တမ်းတင်ကြသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားရခြင်းသည် အကြောင်းရင်းမဲ့ဖြစ်ပွားခဲ့သည်မဟုတ်ပေ။ မြန်မာမင်းပိုင်နယ်မြေဖြစ်သော အာသံ၊ မဏိပူရစော်ဘွားတို့ပုန်ကန်သည့်အခါ အင်္ဂလိပ်တို့သည် နောက်ကွယ်မှနေကာ သွေးထိုးလှုံ့ဆော်ပေးခြင်းများပြုလုပ်ခဲ့သဖြင့် အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ရသည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲများ ဖြစ်ပွားရခြင်း၏အကြောင်းကို ဆရာကြီး ဦးဘသန်းက "ကျောင်းသုံးမြန်မာရာဇဝင်ကျမ်း"၌ "အင်္ဂလိပ်တို့နှင့်စစ်ဖြစ်ရသောအကြောင်းရင်းမှာ ဘိုးတော်ဘုရားလက်ထက် ရခိုင်ပြည်ကို သိမ်းယူသောအခါ စစ်တကောင်းနယ်ခြား အရေးကိစ္စတို့ကြောင့် အင်္ဂလိပ်တို့နှင့် မသင့်မတင့်ဖြစ်သည်ကစ၍ ဘကြီးတော်မင်းတရားလက်ထက်သို့ကျသောအခါ အာသံမင်း၊ မဏိပူရစော်ဘွားတို့ထောင်ထားကြသဖြင့် အာသံနယ်၊ မဏိပူရနယ်တို့ကို တိုက်ခိုက်သိမ်းယူရသောအခါ အင်္ဂလိပ်တို့က ထိုမင်း၊ စော်ဘွားတို့ကို မိမိတို့ပိုင်နက်အတွင်းလက်ခံ၍ အားပေးအားမြှောက်ပြု၊ မြန်မာတပ်တော်တို့ကလည်း အာသံမင်း၊ မဏိပူရစော်ဘွားတို့ကို လိုက်လံဖမ်းဆီးရာတွင် အင်္ဂလိပ်တို့ပိုင်နက်အတွင်းသို့ ချင်းနင်းဝင်ရောက်ကြသည်နှင့်သာ၍ မသင့်မတင့်ဖြစ်လာလေသည်။ သက္ကရာဇ် ၁၁၈၅ ခုနှစ်တွင် အင်္ဂလိပ်တို့က နတ်မြစ်ဝရှိ ရှင်မဖြူကျွန်း(ရှပူရီကျွန်း)ပေါ်၌ တပ်တည်လုပ်လာသည်ကစ၍ ထိုကျွန်းကို သူပိုင်သင့် ငါပိုင်သင့်ဟု ငြင်းခုံလျက် တိုက်ခိုက်ပစ်ခတ်ကြလေသည်။ ထိုအကြောင်းကိုကြားလျှင် မြန်မာဘုရင်က ဗိုလ်မှူးဝန်ကြီး၊ သတိုးမင်းကြီး မဟာဗန္ဓုလကို ရခိုင်ပြည်သို့ တကြောင်းချီတက်စေသည်။ ထိုနှစ် နတ်တော်လ (ခရစ်နှစ် ၁၈၂၄ ခုနှစ် ဇန်နဝါရီလ)တွင် အာသံမဏိပူရကြောင်းချီတပ်တော်တို့က အင်္ဂလိပ်ပိုင် ကချာနယ်အတွင်းသို့ ဝင်ရောက်၍ ဗိကရမ္ပူမြို့ကို သိမ်းယူလေသည်။ ထို့နောက် အင်္ဂလိပ်တို့နှင့် အကြိမ်ကြိမ်တိုက်ခိုက်ရပြီးလျှင် ကချာနယ်မှဆုတ်ခွာပြီး အာသံနှင့် မဏိပူရနယ်တို့တွင် အခိုင်အလုံနေကြရသည်။ ခရစ်သက္ကရာဇ် ၁၈၂၄ ခုနှစ် မတ် ၅ ရက် (မြန်မာသက္ကရာဇ် ၁၁၈၅ ခု+တပေါင်းလ)တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အမ်းမှာစ်တ် (Lord Amherst)က စစ်ဖြစ်ကြောင်း ကြေညာလိုက်လေသည်"ဟူ၍ ရေးသားဖော်ပြထားပါသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် မြန်မာတို့ဘက်မှ အရေးနိမ့်ခဲ့ပြီး မြန်မာနယ်များဖြစ်လာသော အာသံနယ်၊ ရခိုင်နယ်၊ တနင်္သာရီနယ်တို့ကို အင်္ဂလိပ်သို့ပေးလိုက်ရသည်။

**ရန္တပိုစာချုပ်**

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကို ရန္တပိုစာချုပ်ဖြင့် စစ်ပြေငြိမ်းခဲ့ရသည်။ ရန္တပိုစာချုပ်ကို ၁၁၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်(၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်)တွင် ချုပ်ဆိုခဲ့ကြသည်။ စာချုပ်ချုပ်ဆိုရာ ရန္တပိုရွာကိုအစွဲပြုပြီး ရန္တပိုစာချုပ်ဟု မြန်မာသမိုင်းတွင် မှတ်တမ်းတင်ခဲ့ကြသည်။ ရန္တပိုစာချုပ်တွင် အချက် ၁၁ ချက်ပါရှိသည်။ ရန္တပိုစာချုပ်အရ ဘင်္ဂလားသွား မြန်မာသံအဖွဲ့သည် ဘင်္ဂလားသို့သွားရခြင်းဖြစ်သည်။ ရန္တပိုစာချုပ် အချက် ၁၁ ချက်တွင် ခုနစ် ချက်မြောက်အချက်မှာ-

"ပြည်ကြီးနှစ်ပြည် ယခုဖွဲ့သောမိတ်သဟာယမြဲစေခြင်းငှာ အင်္ဂလိပ်အရာရှိတစ်ယောက်၊ အခြွေအရံလူ ၅၀၊ လက်နက်ကိရိယာအစုံနှင့် မြန်မာမြို့တော်မှာဖြစ်စေ၊ မြန်မာအရာရှိတစ်ယောက်အခြွေအရံလူ ၅၀၊ လက်နက်အစုံနှင့် ကုမ္ပဏီဘုရင်မြို့တော်မှာဖြစ်စေ၊ ကုလားပြည်ရှိ မြန်မာမင်း၊ မြန်မာပြည်ရှိကုလားမင်းတို့သည် မိမိတို့နေရန်အိမ်ကိုဝယ်လိုလျှင် ဝယ်၍နေစေ၊ အသစ်တည်လိုကလည်းတည်လုပ်စေ၊ ၎င်းနိုင်ငံနှစ်ပါးအကျိုးစီးပွားကိုဖြစ်ထွန်းစေခြင်းငှာ ရွှေလမ်းငွေလမ်းဖွင့်၍ အချင်းချင်းဖောက်ကား ရောင်းဝယ်မှုနှင့်ဆိုင်သော စာချုပ်ကို ထပ်၍လုပ်စေရမည်"ဟူ၍ဖြစ်သည်။

အထက်ပါနှစ်ဦးသဘောတူညီချက်အရ အပြန်အလှန်သံတမန်ထားရန်ကိစ္စဖြင့် ဘင်္ဂလားသို့သွားရခြင်းဖြစ်သည်။ ထိုစာချုပ်အတိုင်းပင် သက္ကရာဇ် ၁၁၉၂ ခု နယုန်လပြည့်ကျော် ၁၂ ရက် (၁၈၃၀ ပြည့်နှစ် ဇွန်လ ၁၇ ရက်)နေ့တွင် မယ်စယ်ဘော်ရနီ (Majar Henry Burney) နှင့် လူ ၅၀ တို့ အင်းဝမြို့တော်သို့ဆိုက်ရောက်လာကြသည်။ မယ်စယ်ဘော်ရနီဟု ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး၌ရေးပြီး ယခုအခါ မေဂျာဟင်နရီဘာနေဟုသာရေးသားခေါ်ဝေါ်ကြသည်။ ရန္တပိုစာချုပ်အရ "အရာရှိတစ်ယောက်၊ အခြွေအရံလူငါးဆယ်၊ လက်နက်ကိရိယာအစုံ"ဟုဆိုထားသော်လည်း တကယ်တမ်း အင်းဝ၌နေသော ဘာနေတို့အဖွဲ့သည် လူ ၅၀ ထက်ပိုလေသည်။ ဘာနေတို့လူစာရင်းမှာ-

၁။ ဘာနေ ၁
၂။ စစ်ပါရီတပ်ဖွဲ့ ၃၇
၃။ စကားပြန် ၁
၄။ ဆရာဝန် ၁
၅။ စာရေး ၂
၆။ ပြာတာ ၄
၇။ လေ့အမှုထမ်း ၄၃
၈။ ဒုတိယသံအရာရှိ ၁ တို့ဖြစ်သည်။ စုစုပေါင်း ၈၉ ဦးရှိသည်။

ရန္တပိုစာချုပ်သတ္တမအချက် သဘောတူညီချက်အရ အင်္ဂလိပ်-မြန်မာ သံတမန် အပြန်အလှန်စေလွှတ်သည့်အကြောင်းကို ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးတွင် "အင်္ဂလိပ်မင်းက ပြည်ကြီးနှစ်ပြည် စစ်ပြေငြိမ်းသည့်နောက် နှစ်ပြည်ထောင်အတွင်း အရာရှိလူကြီး တစ်၊ အမှုထမ်းလူ ငါးဆယ်စီထားရန်အထက်ရန္တပိုစာချုပ်တွင်ပါသည့်အတိုင်း မယ်စယ်ဘော်ရနီနှင့် ငါးဆယ်တို့ကို ရွှေဘဝါးတော်အောက်သို့ စေလွှတ်ဆိုက်ရောက်စေသည်တွင် ရွှေဘဝါးတော်အောက်ကလည်း ဝန်ထောက်မင်းကြီးမဟာစည်သူ၊ စာရေးကြီး မင်းလှနန္ဒကျော်ထင်၊ အသုံးစာရေး နရာရွှေတောင် နော်ရထာတို့နှင့် အမှုထမ်းလူ ငါးဆယ် အင်္ဂလိပ်တိုင်းပြည်သို့ စေလွှတ်သွားစေ၏" ဟူ၍ သာမန်အားဖြင့်သာ မှတ်တမ်းတင်ထားသည်။

> ❖ "ပြည်ကြီးနှစ်ပြည် ယခုဖွဲ့သောမိတ်သဟာယမြဲစေခြင်းငှာ အင်္ဂလိပ်အရာရှိတစ်ယောက်၊ အခြွေအရံ လူ ၅၀၊ လက်နက်ကိရိယာအစုံနှင့် မြန်မာမြို့တော်မှာဖြစ်စေ၊ မြန်မာအရာရှိတစ်ယောက် အခြွေအရံလူ ၅၀၊ လက်နက်အစုံနှင့် ကုမ္ပဏီဘုရင်မြို့တော်မှာဖြစ်စေ၊ ကုလားပြည်ရှိ မြန်မာမင်း၊ မြန်မာပြည်ရှိကုလားမင်းတို့သည် မိမိတို့နေရန်အိမ်ကိုဝယ်လိုလျှင်ဝယ်၍နေစေ၊ အသစ်တည်လိုကလည်းတည်လုပ်စေ၊ ၎င်းနိုင်ငံနှစ်ပါး အကျိုးစီးပွားကိုဖြစ်ထွန်းစေခြင်းငှာ ရွှေလမ်းငွေလမ်းဖွင့်၍ အချင်းချင်း ဖောက်ကားရောင်းဝယ်မှုနှင့်ဆိုင်သောစာချုပ်ကို ထပ်၍ လုပ်စေရမည်"ဟူ၍ဖြစ်သည်။ အထက်ပါနှစ်ဦးသဘောတူညီချက်အရ အပြန်အလှန်သံတမန်ထားရန်ကိစ္စဖြင့် ဘင်္ဂလားသို့သွားရခြင်းဖြစ်သည်။❖

**ဘင်္ဂလားသွား မြန်မာသံအဖွဲ့စာရင်း**

ရန္တပိုစာချုပ်အရ ဘင်္ဂလားသို့သွားရသော မြန်မာသံအဖွဲ့ခေါင်းဆောင်မှာ စိန္တကျော်သူဦးရွှဲဖြစ်သည်။ စုစုပေါင်း ၈၄ ဦးဖြစ်သည်။ ဒုတိယသံအရာရှိမှာ မင်းလှနန္ဒကျော်ထင်ဖြစ်သည်။ သံအဖွဲ့ဝင် ၈၄ ဦးမှာ-

၁။ မင်းကြီးမဟာစည်သူ ၁
၂။ မင်းလှနန္ဒကျော်ထင် ၁
၃။ စာရေးတော် ၂
၄။ သီရိဇေတရက်၊ သီရိဂုဏ္ဏရတ်စကားပြန် ၂
၅။ ဆေးသမား ၁
၆။ ပန်းချီဆရာ ၁
၇။ သေနတ် အမှုထမ်း ၂၀
၈။ မင်းကြီးမဟာစည်သူမိန်းမ ၂
၉။ မင်းကြီးမဟာစည်သူသား ၁
၁၀။ မင်းကြီးမဟာစည်သူသမီး ၂
၁၁။ မင်းကြီးမဟာစည်သူချွေးမ ၁
၁၂။ ဒုတိယသံအရာရှိမိန်းမ ၁
၁၃။ အစေအပါးအမျိုးသမီး ၃
၁၄။ အစေအပါးအမျိုးသား ၄၆ တို့ဖြစ်သည်။

အထက်ပါစာရင်းသည် ဘာနေ၏မှတ်တမ်း၌ တွေ့ရသောစာရင်းဖြစ်သည်။ မြန်မာသံအဖွဲ့သည် ဗာရာဏသီမြို့မှနေ၍ မြန်မာနိုင်ငံသို့ပေးပို့သောစာ၌ ပူးတွဲပါသော လစာစာရင်းတွင် ၈၄ ဦးမပြည့်ပေ။ လစာစာရင်းတွင် အောက်ပါအတိုင်းတွေ့ရသည်။

| | | |
|---|---|---|
| ၁။ | မင်းကြီးမဟာစည်သူ | ၁ |
| ၂။ | သားရွှေတောင်နော်ရထာ | ၁ |
| ၃။ | နောက်လိုက်အခြွေအရံ | ၂၃ |
| ၄။ | စာရေးရွှေတောင်နေရာနှင့်နောက်လိုက် | ၂ |
| ၅။ | ဆေးသမားနှင့်နောက်လိုက် | ၂ |
| ၆။ | စကားပြန်သီရိဇေတရက်နှင့်နောက်လိုက် | ၂ |
| ၇။ | စကားပြန်သီရိဂုဏ္ဏရတ်နှင့်နောက်လိုက် | ၂ |
| ၈။ | မင်းလှနန္ဒကျော်ထင် | ၁ |
| ၉။ | နောက်လိုက်အခြွေအရံ | ၁၅ |
| ၁၀။ | စာရေးရာဇရွှေတောင်နှင့်နောက်လိုက် | ၂ |
| ၁၁။ | ပန်းချီဆရာနှင့်နောက်လိုက် | ၂ |
| ၁၂။ | ရွှေပြည်အမှုထမ်းကိုယ်ရံတော် | ၂၀ |
| | ပေါင်း | ၇၃ |

အထက်ပါစာရင်းတွင် ၇၃ ဦးသာတွေ့ရသည်။ ထိုစာရင်းတွင် သံအရာရှိတို့၏ မိန်းမ၊ သမီး၊ ချွေးမတို့ မပါသေးပေ။ ဘာနေ၏ မှတ်တမ်းတွင်ပါရှိသော သံအရာရှိတို့ မိန်းမ ၃၊ သမီး ၂၊ ချွေးမ ၁၊ အစေအပါးအမျိုးသမီး ၃ တို့ကိုထပ်လောင်းပေါင်း၍ ရေတွက်လျှင် ၈၂ ဦးရှိပေသည်။ ဘာနေ၏စာရင်းတွင်ပါရှိသော မိန်းမ၊ ချွေးမစာရင်းသည် လစာစာရင်းတွင်မပါရှိခြင်းမှာ ထိုသူတို့ကိုလစာမပေးရခြင်းကြောင့်ဖြစ်တန်ရာသည်။ လစာမရ၍ လစာစာရင်းတွင် မဖော်ပြခဲ့ခြင်းဖြစ်သည်။ လစာစာရင်းတွင် သံအရာရှိတို့၏ မိန်းမ၊ ချွေးမစာရင်းပေါင်းလျှင်ပင် ၈၂ ဦးသာရှိသည်။ ဘာနေ၏ မှတ်တမ်း၌ ၈၄ ဦးဖြစ်သည်။ နှစ်ဦးကွာနေပါသေးသည်။ ဘာနေ၏မှတ်တမ်းသည် စာရင်းတစ်ခုအနေဖြင့် ကောက်ယူထားသောစာရင်းဖြစ်ပြီး လစာစာရင်းသည် လစာရသူတို့ကိုသာ အဓိကဖော်ပြထားသော စာရင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် ဘာနေ၏မှတ်တမ်းအရ ဘင်္ဂလားသွား မြန်မာသံအဖွဲ့သည် အဖွဲ့ဝင် ၈၄ ဦးရှိသည်ဟူ၍ မှတ်သားသင့်ပါသည်။

---


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေး စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၂၂၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၇၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်းဧက ၂၂၂၀ ထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိပ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

## စိတ်ဓာတ်ခိုင်ကျည် ပန်းတိုင်ဆီ

\- လောကစံကြို့ မဖြို့စတမ်း
ရဲရင့်စွမ်း မောင်မယ်တွေ၊
ဖွဲ့စိတ်ဆောင် အောင်တန်ခိုးမို့
ကြိုးစားမယ်လေ၊
အခက်အခဲ အထွေထွေ
အန်တုမသွေ ရင်ဆိုင်လျက်၊
အချိန်တွေကို တန်ဖိုးထားကွယ်
လှုပ်ရှားသွက်လက်။

\- လူ့စွမ်းရည် ရှင်သန်ထက်
ဆင်ခြင်ဉာဏ်ဖက် ဘဝမှာ၊
ဆိုးကောင်းထွေ အမှန်အမှား
ပိုင်းခြားစဉ်သာ၊
ယုံကြည်ချက် ထားရှိကာ
ရည်မှန်းရာ အရောက်လှမ်း၊
ပျော်ရွှင်စွာ အားခွန်သစ်ဖြင့်
ထုဆစ်အောင်ပန်း။

\- ကိုယ့်တာဝန် ကျေပွန်ထမ်း
ကိုယ့်လုပ်ငန်း အောင်မြင်ရန်၊
စိတ်ဓာတ်တွေ အောက်မကျ
တောက်ပဇေကန်၊
ပျင်းရိစိတ် ရှောင်ကြဉ်အမှန်
လူ့ရပ်ထံ လျှောက်လှမ်းရင်း၊
တန်ဖိုးရှိသူ လူသားအဖြစ်ကို
ထုဆစ်ပါမင်း။ ။

ရဲသွေးနီ(တက်ဝန်)

# မင်းဘူးမြို့နယ် မန်းကျိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်းကျိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဂါလန် ၂၄၀၀၀ ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး Myint Zu Aung ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မန်းကျိုးကျေးရွာတွင် ရေရရှိရေး အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်းဖြင့် Myint Zu Aung ကုမ္ပဏီမှ ယခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# နမ့်စန်မြို့နယ် လိုက်ခါးကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နမ့်စန် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် လိုက်ခါးကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစံမြ၊ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံ အင်ဂျင်နီယာများက လိုက်ခါးကျေးရွာ၌ သဲဖြုန်းလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လိုက်ခါးကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ် လက်မရှိ သဲဖြုန်းလမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၄ သန်း အသုံးပြု၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သံသာ

# နိုင်ငံတကာ သတင်းများ

## သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရယူလိုပါက ဂါဇာပဋိပက္ခကို အဆုံးသတ်ပေးရန်လိုကြောင်း ပြင်သစ်သမ္မတ ပြောကြား



**နယူးယောက် စက်တင်ဘာ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရယူလိုပါက ဂါဇာကမ်းမြောင်ပဋိပက္ခကို အဆုံးသတ်ပေးရန်လိုကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က စက်တင်ဘာ ၂၃ ရက်တွင်ပြောကြားခဲ့သည်။

ပြင်သစ်အခြေစိုက် ဘီအက်ဖ်အမ်ရုပ်သံသတင်းဌာနနှင့်ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်း၌ ပြင်သစ်သမ္မတက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂါဇာပဋိပက္ခကို အဆုံးသတ်ရေးအတွက် အစ္စရေးနိုင်ငံကို ဖိအားပေးနိုင်သူမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တစ်ဦးတည်းသာရှိကြောင်း သမ္မတမက်ခရွန်က တွေ့ဆုံမေးမြန်းခန်း၌ သုံးသပ်ခဲ့သည်။

သို့ဖြစ်ရာ သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် ယခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုကို ရယူလိုပါက ဂါဇာပဋိပက္ခကို အဆုံးသတ်ပေးရန် လိုမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ယခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အစ္စရေး၊ ကမ္ဘောဒီးယားနှင့် ပါကစ္စတန်နိုင်ငံတို့က အမည်စာရင်းပေးသွင်းထားသည်။

စစ်ရေးပဋိပက္ခခုနစ်ခုကို နိဂုံးချုပ်ပေးခဲ့သည့် မိမိအနေဖြင့် ငြိမ်းချမ်းရေးနိုဗယ်ဆုနှင့်ထိုက်တန်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်ကိုယ်တိုင်ကလည်း ပြောကြားခဲ့ဖူးသည်။

Ref : RT

Trs : KKO

## အထွေထွေညီလာခံမိန့်ခွန်း၌ ကုလသမဂ္ဂကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဝေဖန်

**နယူးယောက် စက်တင်ဘာ ၂၄**

ကုလသမဂ္ဂအနေဖြင့် အမေရိကန်နိုင်ငံဦးဆောင်သော ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများကို အားပေးကူညီမှု မရှိခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၂၃ ရက်တွင် ဝေဖန်ခဲ့သည်။

အကြိမ် ၈၀ မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမိန့်ခွန်း၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကုလသမဂ္ဂကို အဆိုပါအတိုင်းဝေဖန်ခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် စစ်ရေးပဋိပက္ခခုနစ်ခုကို နိဂုံးချုပ်ပေးခဲ့သော်လည်း ထိုသို့ကြိုးစားရာတွင် ကုလသမဂ္ဂအနေဖြင့် အကူအညီလုံးဝမပေးခဲ့ဖူးကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရွေးယခင်ကပင် နိုင်ငံတကာအဖွဲ့အစည်းများ အထူးသဖြင့် ကုလသမဂ္ဂကို တစိုက်မတ်မတ်ဝေဖန်ခဲ့သူဖြစ်သည်။

၅၆ မိနစ် ကြာမြင့်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံမိန့်ခွန်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရုရှားရေနံများဝယ်ယူနေမှုအတွက် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်နိုင်ငံများကို ဝေဖန်ရှုတ်ချခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံမိန့်ခွန်း ပြောကြားခဲ့ပြီးနောက် သမ္မတဒေါ်နယ်ထရမ့်သည်သမ္မတရာထူးစတင်ရယူခဲ့သော ယခုနှစ်ဇန်နဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကိုလံဘီယာ၌ ရွှေသတ္တုတွင်းပြိုကျမှုဖြစ်ပွား အလုပ်သမား ဦးရေ ၂၀ ကျော် ပိတ်မိနေ

**ဘိုဂိုတာ စက်တင်ဘာ ၂၄**

ကိုလံဘီယာနိုင်ငံမြောက်ပိုင်း၌ ရွှေတွင်းတစ်တွင်း စက်တင်ဘာ ၂၂ ရက်တွင် ပြိုကျခဲ့ရာ အလုပ်သမားဦးရေ ၂၀ ကျော် ပိတ်မိနေကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေးသမားများက ပိတ်မိနေသူများကို ကယ်ထုတ်ရန် ကြိုးပမ်းနေကြောင်း ကိုလံဘီယာအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြိုကျမှုဖြစ်ပွားခဲ့သည့် ရွှေတွင်းသည် ကနေဒါအခြေစိုက် အားရစ်သတ္တုတူးဖော်ရေး ကုမ္ပဏီက လုပ်ငန်း လည်ပတ်နေသော ရွှေတွင်းဖြစ်သည်။

လာရီလီကွီရာအမည်ရှိ ၎င်းရွှေတွင်း၏ ပင်မဥမင်မှာ စက်တင်ဘာ ၂၂ ရက်တွင် ပြိုကျခဲ့ပြီး ကုမ္ပဏီဝန်ထမ်းငါးဦးအပါအဝင် အလုပ်သမား ၂၃ ဦး ပိတ်မိနေကြောင်း အားရစ်သတ္တုတူးဖော်ရေးကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ရွှေတွင်းအတွင်း ပိတ်မိနေသူများထံ ရှာဖွေကယ်ဆယ်ရေးသမားများက အစာရေစာများ ပေးပို့ထားကြောင်း ကိုလံဘီယာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အားရစ်သတ္တု တူးဖော်ရေးကုမ္ပဏီသည် ကိုလံဘီယာနိုင်ငံ၌ ရွှေတူးဖော်ရေးလုပ်ကွက်နှစ်ခု ရရှိထားပြီး ပြီးခဲ့သည့်နှစ်အတွင်း ရွှေသတ္တု ၆ ဒသမ ၆ တန်ခန့် တူးဖော်ထုတ်လုပ် ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## လာမည့် အောက်တိုဘာလအတွင်း မောင်းသူမဲ့လေယာဉ် စစ်ရေးလေ့ကျင့်မှု အိန္ဒိယတပ်မတော် ပြုလုပ်မည်

**ဒေလီ စက်တင်ဘာ ၂၄**

လေကြောင်းရန်ကာကွယ်ရေးစွမ်းရည် ပိုမိုခိုင်မာလာစေရေးအတွက် လာမည့်အောက်တိုဘာလအတွင်း မောင်းသူမဲ့လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်ချေမှုန်းရေးစနစ်များကို စမ်းသပ်ရန် အိန္ဒိယတပ်မတော်က စီစဉ်ထားကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လာမည့်လအတွင်း ပြုလုပ်မည့် အဓိကစစ်ရေးလေ့ကျင့်မှုတစ်ခုအတွင်း မောင်းသူမဲ့လေယာဉ်နှင့် မောင်းသူမဲ့လေယာဉ်ချေမှုန်းရေးစနစ်များကို စမ်းသပ်ရန်စီစဉ်ထားကြောင်း အိန္ဒိယတပ်မတော်တာဝန်ရှိသူများက ပြောကြားခဲ့သည်။



အိမ်နီးချင်း ပါကစ္စတန်နိုင်ငံနှင့် ယခုနှစ်အတွင်း စစ်ရေးပဋိပက္ခတစ်ခုဖြစ်ပွားခဲ့ပြီးနောက် မောင်းသူမဲ့လေယာဉ်များ ပါဝင်မည့် စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ရန် အိန္ဒိယနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် လာမည့်အောက်တိုဘာလ ပထမရက်သတ္တပတ်အတွင်း ကိုးလ်ဒ်စတက် အမည်ရှိ စစ်ရေးလေ့ကျင့်မှုကို စတင်မည်ဖြစ်သည်။

ယခုနှစ်မေလအတွင်း ဖြစ်ပွားခဲ့သော လေးရက်ကြာနယ်စပ်စစ်ရေးပဋိပက္ခအတွင်း အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် မောင်းသူမဲ့လေယာဉ်များ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခဲ့ကြသည်။

ကိုးလ်ဒ်စတက်စစ်ရေးလေ့ကျင့်မှုသည် ပါကစ္စတန်နှင့် စစ်ရေးပဋိပက္ခဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်မည့် ပြည်တွင်းစစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : RT

Trs : KKO

## ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကားလမ်းအစိတ်အပိုင်းတစ်ခုပြိုကျမှုဖြစ်ပွား ကြီးမားသည့်မြေကျွံတွင်းကြီးတစ်တွင်း ပေါ်ထွက်

**ဗန်ကောက် စက်တင်ဘာ ၂၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယနေ့တွင်ကားလမ်းအစိတ်အပိုင်းတစ်ခုပြိုကျခဲ့ပြီး ကြီးမားသည့် မြေကျွံတွင်းကြီး တစ်တွင်း ပေါ်ထွက်လာကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် မော်တော်ယာဉ်သုံးစီးပျက်စီး၍ ဓာတ်တိုင်များပြိုလဲခဲ့ပြီး မြေအောက်ရေပိုက်လိုင်းများ ပျက်စီးခဲ့ရကြောင်း ဗန်ကောက်မြို့ အာဏာပိုင်များက ပြောကြားထားသည်။

လေးလမ်းသွား ကားလမ်းတစ်လမ်းပေါ်၌ ဖြစ်ပွားခဲ့သော အဆိုပါလမ်းပြိုမှုအတွင်း မည်သူတစ်ဦးတစ်ယောက်မျှ အထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

ဆောက်လုပ်ဆဲ မြေအောက်ရထားဘူတာရုံ စီမံကိန်းတစ်ခုကြောင့် လမ်းပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လမ်းပြိုမှုအတွင်း ရဲစခန်းတစ်ခု၏ မြေအောက်အုတ်မြစ်များ ပေါ်ထွက်လာခဲ့ရကြောင်း ဗန်ကောက်မြို့တာဝန်ရှိသူများက ပြောကြားထားသည်။

လမ်းပြိုမှု ဖြစ်ပွားခဲ့ပြီးနောက် အနီးဝန်းကျင်ရှိ နေထိုင်သူများကို ထိုင်းတာဝန်ရှိသူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## လူသားများကြောင့်မျိုးသုဉ်းပျောက်ကွယ်ခဲ့ရသည့် ဒိုဒိုငှက်ကြီးများကို ပြန်လည်အသက်သွင်းနိုင်ရေး ခြေတစ်လှမ်းနီးကပ်လာပြီဖြစ်



**ဝါရှင်တန် စက်တင်ဘာ ၂၄**

လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ ကျော်က လူသားများကြောင့် မျိုးသုဉ်း ပျောက်ကွယ်ခဲ့ရသည့် ဒိုဒိုငှက်ကြီးများကို ပြန်လည် အသက်သွင်းနိုင်ရေးအတွက် ခြေတစ်လှမ်း နီးကပ်လာပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံအခြေစိုက် Colossal Biosciences ကုမ္ပဏီမှ သိပ္ပံပညာရှင်များသည် နီကိုးဘားခိုငှက်၏ ပင်မဆဲလ်ကို အောင်မြင်စွာ ဖန်တီးမွေးမြူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါနီကိုးဘားခိုငှက်ပင်မဆဲလ်ကို မျိုးဗီဇအင်ဂျင်နီယာနည်းပညာဖြင့်ပြုပြင်၍ ဒိုဒိုငှက်များ၏ မျိုးဗီဇအခြေခံမော်လီကျူး (DNA) နှင့် ပေါင်းစပ်နိုင်ခဲ့ပါက ဒိုဒိုငှက်များကို ပြန်လည်ဖန်တီး အသက်သွင်းနိုင်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

နီကိုးဘားခိုငှက်များသည် ဒိုဒိုငှက်များနှင့် အနီးစပ်ဆုံးငှက်များဖြစ်ရာ အဆိုပါငှက်များ၏ မူလပင်မဆဲလ်ကို ဖန်တီးမွေးမြူနိုင်ရေးသည် ဒိုဒိုငှက်များကို ပြန်လည်အသက်သွင်းရေးအတွက် အဓိကကျသော ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယသမုဒ္ဒရာဒေသ မောရစ်သျှကျွန်းပေါ်၌ ရှင်သန်ကျက်စားခဲ့ကြသည့် ဒိုဒိုငှက်များကို ဥရောပတိုက်သားများက ၁၅၉၈ ခုနှစ်တွင် ပထမဆုံးတွေ့ရှိခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် လူသားများ၏ သတ်ဖြတ်မှုကြောင့် ပျံသန်းနိုင်စွမ်းမရှိသည့် ဒိုဒိုငှက်များသည် စတင်တွေ့ရှိခဲ့ပြီး ၆၄ နှစ်အကြာတွင် လူသားတို့၏လက်ချက်အကြောင့် မျိုးသုဉ်းပျောက်ကွယ်ခဲ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အာကာသဒြပ်ထည်တစ်ခုကို အဖြူရောင်ကြယ်သိမ်တစ်စင်းက ဝါးမျိုနေမှု ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ် စူးစမ်းလေ့လာနိုင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၂၄**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် ပလူတိုဂြိုဟ်သိမ်နှင့်တူသော အာကာသဒြပ်ထည်တစ်ခုကို အဖြူရောင်ကြယ်သိမ်တစ်စင်းက ဝါးမျိုနေမှုစူးစမ်းလေ့လာနိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အထက်ပါ အခြေအနေမျိုးသည် နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များ အနာဂတ်တစ်ချိန်ချိန်တွင် ကြုံတွေ့နိုင်သည့်အခြေအနေမျိုးဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

WD 1647+375 ဟူ၍အမည်ပေးထားသည့် အဖြူရောင်ကြယ်သိမ်က ဂြိုဟ်ငယ်တစ်စင်းကို ဝါးမျိုမှုဖြစ်စဉ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၆၀ အကွာတွင် ဖြစ်ပွားနေခြင်းဖြစ်သည်။



နေအဖွဲ့အစည်းအတွင်းရှိ နေသည်ပင် နှောင်နှစ်သန်းရာပေါင်းများစွာအကြာတွင် အဖြူရောင်ကြယ်သိမ်တစ်စင်းအဖြစ် ပြောင်းလဲသွားမည်ဖြစ်ပြီး ဂြိုဟ်များကဲ့သို့သော အရွယ်အစားကြီးမားသည့် အာကာသဒြပ်ထည်များကို ဝါးမျိုဖျက်ဆီးလိမ့်မည် ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်ကို ၁၉၉၀ ပြည့်နှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အမေရိကန်အစိုးရ၏ သူလျှိုဂြိုဟ်တုအုပ်စုတစ်ခုကို စပေ့အိတ်ကုမ္ပဏီက စက်တင်ဘာ ၂၃ ရက်တွင် လွှတ်တင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၂၄**

အမေရိကန်အစိုးရ၏ သူလျှိုဂြိုဟ်တုအုပ်စုတစ်ခုကို စပေ့အိတ်ကုမ္ပဏီက စက်တင်ဘာ ၂၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အထက်ပါသူလျှိုဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါမစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ရုံး(NRO) အတွက် စပေ့အိတ်ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ၁၁ ခုမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရအမျိုးသားကင်းထောက်ရုံး(NRO) သည် စရိတ်စကသက်သာသည့်ဂြိုဟ်တုငယ်များဖြင့် ဖွဲ့စည်းထားသော ဆက်သွယ်ရေးနှင့် ကင်းထောက်ဂြိုဟ်တုကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ရက်အတွက် လွှတ်တင်ထားသည့် ဂြိုဟ်တုများ၏ပတ်လမ်းတည်နေရာအပါအဝင် အသေးစိတ် အချက်အလက်များကို အမေရိကန်အစိုးရအမျိုးသားကင်းထောက်ရုံး(NRO)က ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဆီးစစ်နည်းတစ်မျိုးဖြင့် ဆီးကျိတ်ကင်ဆာကို ရှာဖွေဖော်ထုတ်နိုင်

**နယူးယောက် စက်တင်ဘာ ၂၄**

ဆီးစစ်နည်းတစ်မျိုးဖြင့် ဆီးကျိတ်ကင်ဆာရောဂါကို ရှာဖွေဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ ဆီးအတွင်းပါဝင်သော TTCS၊ H4C5 နှင့် EPCAM ခေါ် ဇီဝလက္ခဏာသုံးမျိုးကို စစ်ဆေးတိုင်းတာခြင်းဖြင့် ဆီးကျိတ်ကင်ဆာကို စစ်ဆေးဖော်ထုတ်နိုင်ကြောင်း သိရသည်။

အထက်ပါ ဆီးစစ်နည်းဖြင့် ဆီးကျိတ်ကင်ဆာရောဂါကို စစ်ဆေးရာတွင် တစ်ရှူးစထုတ်ယူစစ်ဆေးရန် လိုအပ်မှုကို သိသိသာသာ လျှော့ချနိုင်မည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ဆီးကျိတ်ကင်ဆာရောဂါသည် အမေရိကန်နိုင်ငံ၌ အမျိုးသားများ အသက်ဆုံးပါးရမှု၏ အဓိကနောက်ခံရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

ဆီးကျိတ်ကင်ဆာကို စစ်ဆေးရှာဖွေရာတွင် သွေးစစ်နည်းသုံး၍ PSA ခေါ် ပရိုတင်းတစ်မျိုးပါဝင်မှုကို တိုင်းတာဖော်ထုတ်လေ့ရှိသော်လည်း တစ်ခါတစ်ခါ တစ်ရှူးစထုတ်ယူ၍ အတည်ပြုရန်လိုအပ်ကြောင်း သိရသည်။

သို့ရာတွင် ဆီးအတွင်းပါဝင်သည့်ဇီဝလက္ခဏာသုံးမျိုးကို စစ်ဆေးခြင်းဖြင့် တစ်ရှူးစထုတ်ယူစစ်ဆေးရန်လိုအပ်မှုကို လျှော့ချနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စက်ဘီးစီးခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါဖြစ်နိုင်ခြေကို ကာကွယ်တားဆီးပေးနိုင်

**လန်ဒန် စက်တင်ဘာ ၂၄**

စက်ဘီး စီးနင်းခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှု(Dementia) ရောဂါဖြစ်နိုင်ခြေကို ကာကွယ်တားဆီးပေးနိုင်ကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စက်ဘီးစီးခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ဖြစ်နိုင်ခြေကို ၁၉ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် စက်ဘီးစီးသွားလာမှုသည် ကား၊ ရထားတို့ဖြင့် သွားလာမှုများထက် ပို၍အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို ၂၂ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုများသည် Dementia ရောဂါဖြစ်နိုင်ခြေကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များတွင်လည်း ဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၄၈၀၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

ဆေးပညာရှင်များ၏ အဆိုအရ ကမ္ဘာတစ်ဝန်းလုံးတွင် Dementia ရောဂါခံစားနေရသူ ၅၅ သန်းကျော်ထိရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် သုံးဆမြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၈)တွင် YREOအသင်းဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ် (၈) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ YREOအသင်းဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၈)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ YREO အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး YREOအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်နှင့် မိနစ် ၂၀တွင် နှင်းစန္ဒာဝင်း၊ ၆၄ မိနစ်နှင့် ၈၆ မိနစ်တွင် အိသက်ဖြိုး၊၆၆မိနစ်တွင် ဝင်းစန္ဒာ၊ ၇၁မိနစ်တွင် နော်ခြူးဇာနည်ထွန်းတို့က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSCအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် ဝေဖူးအိန်ကသွင်းယူပေးခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၆၀ တွင် ဆုဆုကြည်က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် စက်တင်ဘာ ၂၅ ရက်တွင် ISPE အသင်းနှင့် Young Lionesses အသင်း၊မြဝတီအသင်းနှင့် ရှေ့ဝတီအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကေတီတေလာအား WBC စူပါလိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံအဖြစ်မှ ရုပ်သိမ်းကြောင်း WBCအဖွဲ့ချုပ် ထုတ်ပြန်ကြေညာ

**ဒပ်ဘ်လင် စက်တင်ဘာ ၂၄**

အမျိုးသမီး လိုက်ဝယ်သာဝိတ်တန်း၏ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဆုအား ရရှိထားသည့် အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာ၏ WBC စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုအား ရုပ်သိမ်းကြောင်း WBC အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကေတီတေလာသည် စူပါလိုက်ဝိတ်တန်းတွင်လည်း ကမ္ဘာ့ချန်ပီယံခါးပတ်များအား ဆွတ်ခူးထားပြီး ဝိတ်တန်းပြောင်းခဲ့ကာ စူပါလိုက်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံဆုကို ဆွတ်ခူးထားသူဖြစ်သည်။

WBC စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ကာကွယ်ရမည့်ကာလ ရောက်နေသော်လည်း အခြားသော ဝိတ်တန်းတွင် ထိုးသတ်နေသည့်အတွက် WBC အဖွဲ့ချုပ်အနေဖြင့် ယခုကဲ့သို့ ဆုံးဖြတ်ရခြင်း ဖြစ်ကြောင်း သိရသည်။

WBC စူပါလိုက်ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံ အသစ်အဖြစ် ဗြိတိန်လက်ဝှေ့မယ် ချန်တယ်လီအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း WBCက ထုတ်ပြန်ခဲ့သည်။

WBCအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆူလိုင် မန်းက "WBC စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကေတီတေလာဟာ သတ်မှတ်ကာလအတွင်း လက်ရှိချန်ပီယံကာကွယ်ပွဲစဉ် ထိုးသတ်နိုင်ခြင်းမရှိတဲ့အတွက် ချန်ပီယံအဖြစ်ကနေ ရုပ်သိမ်းလိုက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အသိပေး အကြောင်းကြားမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ကေတီဟာ ချန်တယ်လီနဲ့ပဲ ထိုးသတ်သွားရမှာဖြစ်ပြီးတော့ ကေတီဘက်က ဆန္ဒမရှိတော့တဲ့အတွက် ချန်တယ်လီက WBC စူပါလိုက်ဝိတ်တန်းရဲ့ ကမ္ဘာ့ချန်ပီယံအသစ် ဖြစ်သွားပါပြီ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sporting News

Trs : AZL

# မန်ယူအသင်းက ဂိုးသမားနေရာအတွက် လန်မန်းကို ခေါ်ယူထားသော်လည်း ဇန်နဝါရီအပြောင်းအရွှေ့တွင် ချဲလ်ဆီးအသင်းနှင့်အပြိုင် မိုက်မိုင်နန်ကို ခေါ်ယူရန်ပြင်ဆင်

**မန်ချက်စတာ စက်တင်ဘာ ၂၄**

မန်ယူအသင်းက ဂိုးသမားနေရာအတွက် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ရှိုင်ရယ်အက်ဝပ်အသင်းမှ ဂိုးသမား လန်မန်းကို ခေါ်ယူခဲ့သော်လည်း လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အေစီမီလန်အသင်းမှ ဂိုးသမား မိုက်မိုင်နန်ကို ချဲလ်ဆီးအသင်းနှင့်အပြိုင် ခေါ်ယူရန် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။



မန်ယူအသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဂိုးသမားအိုနာနာကို အငှားစေလွှတ်ခဲ့ပြီးနောက် လန်မန်းကို ခေါ်ယူခဲ့သော်လည်း ရာသီအစပိုင်းတွင် နည်းပြအာမိုရင်က လန်မန်းကို အသုံးပြုခြင်းမရှိသေးဘဲ ဂိုးသမား ဘာရီဒါကိုသာ အသုံးပြုလျက်ရှိနေသည်။

မန်ယူအသင်းက ဂိုးသမားနေရာအတွက် လန်မန်းကို ခေါ်ယူထားသော်လည်း လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ထိပ်တန်းဂိုးသမား ခေါ်ယူမှုအဖြစ် မိုက်မိုင်နန်ကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

မန်ယူအသင်းက ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလကတည်းက ဂိုးသမားနေရာအတွက် ပီအက်စ်ဂျီအသင်းမှ ဒွန်နာရမ်မာကို ခေါ်ယူရန် မန်စီးတီးအသင်းနှင့်အပြိုင်ကြိုးပမ်းခဲ့သော်လည်း မန်စီးတီးအသင်းထံ လက်လွှတ်ခဲ့ရသည့်အတွက် လန်မန်းကိုသာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းနှင့် ဂိုးသမား မိုက်မိုင်နန်တို့ စာချုပ်သက်တမ်းမှာလည်း ရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် အေစီမီလန်အသင်းက လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် ရောင်းချရန် ဆုံးဖြတ်ထားသောကြောင့် ချဲလ်ဆီးအသင်းနှင့်အတူ မန်ယူအသင်းကလည်း အပြိုင် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ATP 250 Hangzhou Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘူဘလစ် ဆွတ်ခူး

**ဟန်ကျိုး စက်တင်ဘာ ၂၄**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပခဲ့သည့် ATP 250 Hang-zhou Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ကာဇက်စတန် တင်းနစ်ကစားသမား ဘူဘလစ်က ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘူဘလစ်သည် ဗိုလ်လုပွဲစဉ်အဖြစ် ပြင်သစ်တင်းနစ်ကစားသမား ရီယာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဘူဘလစ်က (၇-၆ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဘူဘလစ်အနေဖြင့် ယခုနှစ်အတွင်း ATP Tour တွင် လေးလုံးမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း သိသာသည့် တိုးတက်မှုရှိခဲ့ပြီး ကစားသမားဘဝ တစ်လျှောက် တစ်နှစ်အတွင်းဆုဖလားအများဆုံး ဆွတ်ခူးနိုင်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

ဘူဘလစ်သည် ရီယာအား အနိုင်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲငယ်နှစ်ပွဲစလုံးအား tie-break အဆင့်ထိ ကစားခဲ့ရသည်။

ဘူဘလစ်သည် ယခုနှစ် တင်းနစ်ရာသီတွင် စွမ်းဆောင်ရည်တိုးတက်လာကာ လက်ရှိ ကမ္ဘာ့အဆင့်(၁၉) နေရာထိလည်း တက်ရောက်နိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ဂရန်းစလန်းဆုဖလား ဆွတ်ခူးနိုင်ရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘူဘလစ်က "ကျွန်တော် ဒီနှစ်အတွင်း ရလဒ်တွေတိုးတက်လာခဲ့ပြီး အောင်မြင်မှုရတာကိုတော့ ဝမ်းသာပါတယ်။ အခုလိုနိုင်ငံတွေလှည့်ပြီး ပြိုင်ပွဲဝင်နေရတဲ့ ခံစားချက်ကို သဘောကျတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL



# ဘာစီလိုနာအသင်း အဓိကကွင်းလယ်ကစားသမား ဂါဗီ ဒူးဒဏ်ရာခွဲစိတ်ကုသမှုကြောင့် ငါးလထိအနားယူရမည်

**ဘာစီလိုနာ စက်တင်ဘာ ၂၄**

ဘာစီလိုနာအသင်း အဓိကကွင်းလယ်ကစားသမား ဂါဗီ ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုကြောင့် ငါးလထိအနားယူရမည်ဟု ဘာစီလိုနာအသင်းက အတည်ပြုထုတ်ပြန်ထားကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ ဂါဗီသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်ကလည်း ဒူးအရွတ်ဒဏ်ရာကြောင့် တစ်နှစ်နီးပါးထိအနားယူခဲ့ရပြီး ယခုအခါတွင်လည်း ဒူးဒဏ်ရာကြောင့် ကာလရှည် ထပ်မံအနားယူရမည်ဖြစ်သည်။

ဂါဗီသည် ဘာစီလိုနာအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အစောပိုင်းနှစ်များက ဘာစီလိုနာအသင်းအပြင် စပိန်အသင်းတွင်လည်း အရေးပါသည့် ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

ဂါဗီသည် ဒူးဒဏ်ရာကြောင့် တစ်နှစ်ကျော်ကြာ အနားယူနေခဲ့ရာမှ ပြီးခဲ့သည့် ဘောလုံးရာသီက ပြန်လည်ကစားနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဩဂုတ်လက ဒူးဒဏ်ရာ ထပ်မံရရှိခဲ့ပြီးနောက် အနားယူနေရခြင်းဖြစ်သည်။

ဂါဗီ၏ဒူးဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ခွဲစိတ်ကုသမှုလုပ်ဆောင်ခဲ့ရပြီး ကြံ့ခိုင်မှုပြန်လည် ပြည့်ဝရန်အတွက် အနည်းဆုံး ငါးလထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

## နိုင်ငံတကာ အားကစားသတင်းများ

# ဘာစီလိုနာအသင်းက ဖရန်ကီဒီဂျောင်းကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

**ဘာစီလိုနာ စက်တင်ဘာ ၂၄**

ဘာစီလိုနာ အသင်းသည် ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်းကို လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဖရန်ကီဒီဂျောင်းသည် ဘာစီလိုနာအသင်းနှင့် ၂၀၂၆ ခုနှစ်နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည် ဖြစ်သောကြောင့် ဘာစီလိုနာအသင်းက သက်တမ်းတိုးရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဘာစီလိုနာအသင်းသည် ဖရန်ကီဒီဂျောင်းကို ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ရောင်းချရန် ဆန္ဒရှိသော်လည်း ကစားသမားအနေဖြင့် အသင်းတွင် ဆက်လက်ကစားလိုသည့်အပြင် ကမ်းလှမ်းလာသည့်အသင်းများကလည်း ပြောင်းရွှေ့ကြေးမြင့်မားမှုကြောင့် ခေါ်ယူနိုင်ခြင်းမရှိခဲ့ဘဲ အသင်းတွင်သာ ဆက်လက်ကစားခဲ့ကြောင်း သိရသည်။

၎င်းသည် မကြာသေးမီက အေးဂျင့် ပြောင်းလဲခဲ့ပြီးနောက် အသင်းနှင့် သက်တမ်းတိုးရန် ထပ်မံဆွေးနွေးခဲ့ရာ လုပ်ခလစာလျှော့ယူပြီး ၂၀၂၉ ခုနှစ်ထိ စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်။

အသက် ၂၈ နှစ်ရှိ ကစားသမားသည် ကွင်းလယ်ခံစစ်ပိုင်းတွင် ပက်ဒရီနှင့်လက်တွဲ၍ အသင်း၏ ကစားပုံကို အကောင်းဆုံး ထိန်းကျောင်းနိုင်သဖြင့် နည်းပြဖလစ်၏ စီမံကိန်းတွင် ပါဝင်နေသကဲ့သို့ ပြီးခဲ့သည့် ရာသီက ပြိုင်ပွဲစုံ ၄၆ ပွဲ ပါဝင်ခဲ့ပြီး အသင်းကို ဆုဖလား သုံးလုံး ရယူပေးခဲ့သည့်အပြင် ယခုနှစ်တွင်လည်း ပြိုင်ပွဲစုံ လေးပွဲ ပါဝင်ကစားပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- လိဒ်ယူနိုက်တက်အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာသွားသည့် တိုက်စစ်မှူး ဘမ်းဖို့ဒ်သည် စပိန်ကလပ် ဂီတာဖေးအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။
- ၂၀၂၆ နွေရာသီတွင် စာချုပ်ကုန်ဆုံးမည့် တိုက်စစ်မှူးဘင်ဇီးမားကို ဘင်ဖီကာအသင်းနည်းပြ မော်ရင်ဟိုက ယခုနှစ်ဘောလုံးရာသီအတွင်း ခေါ်ယူနိုင်ရန် စီစဉ်နေသဖြင့် အယ်အီသီဟတ်အသင်းက ကစားသမားအတွက် ယူရို ခုနစ်သန်း အလိုရှိကြောင်း ပြောကြားထားသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဗင်နီစီးယက်စ်ကို သက်တမ်းတိုးရန် ကမ်းလှမ်းမှုကို ပြောင်းလဲမည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီး ကစားသမားကလည်း ပုံမှန်ပွဲကစားခွင့် အာမခံချက်နှင့် လုပ်ခလစာတိုးမြှင့်ပေးရန် တောင်းဆိုထားသောကြောင့် စာချုပ်သက်တမ်းတိုးရန် ကြန့်ကြာလျက်ရှိကြောင်း သိရသည်။ **ML**

# တောင်ပံကစားသမား မက်ဒူခီ ဒူးဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်ဟု အာဆင်နယ်အသင်းထုတ်ပြန်



**လန်ဒန် စက်တင်ဘာ ၂၄**

အာဆင်နယ် အသင်းမှ တောင်ပံကစားသမား မက်ဒူခီသည် မန်စီးတီးအသင်းနှင့် ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည် ဖြစ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။

မက်ဒူခီသည် နွေရာသီအပြောင်းအရွှေ့ကာလက အာဆင်နယ်အသင်းသို့ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ငါးပွဲထိ ပွဲထွက်ခွင့်ရရှိခဲ့ပြီးနောက် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် ပထမပိုင်းပွဲကစားချိန်၌ ဒူးဒဏ်ရာ ရရှိခဲ့သဖြင့် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာသည့် တောင်ပံကစားသမားဆာကာနှင့် ဒုတိယပိုင်းပွဲအစတွင်လူစားလဲခဲ့ရသည်။

အာဆင်နယ်အသင်းအနေဖြင့် မက်ဒူခီ၏ဒဏ်ရာကို စကန်ဖတ်စစ်ဆေးခဲ့ရာ အရွတ်ထိခိုက်မှုမရှိသော်လည်း အနည်းဆုံး နှစ်လခန့် အနားယူရမည်ဖြစ်၍ အသင်း၏ အဓိကပွဲစဉ်များအပါအဝင် နိုင်ငံတကာပြိုင်ပွဲကာလတွင် ကစားရမည့် အင်္ဂလန်အသင်း၏ပွဲစဉ်များကိုလည်း ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း သိရသည်။

လက်ရှိ အာဆင်နယ်အသင်း တိုက်စစ်တွင် ကိုင်ဟာဗက်နှင့် ဂျီးဆပ်တို့မှာလည်း အရွတ်ထိခိုက်မှုကြောင့် ကာလရှည် အနားယူနေရသည့်အပြင် အသင်းခေါင်းဆောင် အိုဒီဂတ်မှာလည်း ပခုံးဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိသဖြင့် မက်ဒူခီ ဒဏ်ရာရရှိမှုမှာ အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# အေဗီလာအသင်းရလဒ်ဆိုးရွားမှုကြောင့် အားကစားဥက္ကဋ္ဌ မွန်ချီ ရာထူးမှနုတ်ထွက်

**လန်ဒန် စက်တင်ဘာ ၂၄**

အေဗီလာအသင်းက တနင်္ဂနွေနေ့က ကစားခဲ့သည့် ဆန်းဒါးလန်းအသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ယခုရာသီတွင် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ရလဒ်ဆိုးရွားခဲ့သောကြောင့် အားကစားဥက္ကဋ္ဌ မွန်ချီ ရာထူးမှနုတ်ထွက်ခဲ့သည်။

အသက် ၅၇ နှစ်ရှိ အားကစားဥက္ကဋ္ဌ မွန်ချီသည် အေဗီလာအသင်းသို့ ၂၀၂၃ ခုနှစ်က ရောက်ရှိခဲ့ကာ ဆီဗီလာအသင်းတွင် အတူလက်တွဲခဲ့သည့် နည်းပြအမ်မရီနှင့် ပြန်လည်ပူးပေါင်းခဲ့သည်။

အေဗီလာအသင်းသည် မွန်ချီနှင့်အတူ လက်တွဲခဲ့သည့် နှစ်နှစ်တာကာလအတွင်း ပထမရာသီတွင် အဆင့်(၄)နေရာဖြင့် အဆုံးသတ်ခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဒုတိယရာသီ အမှတ်ပေးပြိုင်ပွဲတွင် နောက်ဆုံးပွဲစဉ်၌ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ရ၍ အဆင့်(၆)နေရာတွင် ရောက်ရှိခဲ့သောကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲသာ ကစားခွင့်ရခဲ့ပြီး ယခုရာသီပြိုင်ပွဲစုံခြောက်ပွဲ ကစားခဲ့ရာတွင် လေးပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်သာ ရရှိခဲ့ပြီး နိုင်ပွဲ ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် ကစားသမားခေါ်ယူရန် ခက်ခဲခဲ့သော်လည်း အပြောင်းအရွှေ့မပိတ်သိမ်းမီ ဂက်ဆန်း၊ ဘီဇော့တို့ကို အပြီးသတ်ခေါ်ယူ၍ ဆန်ချို၊ အီလီယေ့တို့ကို အငှားစာချုပ်ဖြင့် လည်းကောင်း၊ လင်ဒီလော့ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်လည်းကောင်း ခေါ်ယူနိုင်ခဲ့သော်လည်း အမှတ်ပေးပွဲငါးပွဲတွင် နိုင်ပွဲမရခဲ့ဘဲ သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှ ရရှိမည့်ဆုကြေးငွေများကို ပရဟိတအဖွဲ့သို့ လှူဒါန်းမည်ဖြစ်ကြောင်း စကော့တီရှက်ဖလာ ပြောကြား

**နယူးယောက် စက်တင်ဘာ ၂၄**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စက်တင်ဘာ ၂၆ ရက်မှစတင် ကျင်းပပြုလုပ်သွားမည့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်အသင်း၌ ပါဝင်ယှဉ်ပြိုင်သွားမည့် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် ရရှိလာမည့် ဆုကြေးငွေများကို ပရဟိတအဖွဲ့ထံသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။



Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်သော အသင်းသားတိုင်းကို PGA Tour အဖွဲ့က အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ချီးမြှင့်ပေးမည်ဖြစ်ပြီး ယင်းအနက် ကန်ဒေါ်လာ ၃၀၀၀၀၀ ကို အဖွဲ့ချုပ်အစီအစဉ်ဖြင့် ပရဟိတအဖွဲ့အစည်းထံသို့ လှူဒါန်းသွားမည်ဖြစ်သည်။

ကစားသမားတိုင်း အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ရရှိမည်ဖြစ်ပြီး စကော့တီရှက်ဖလာက အဆိုပါ ဆုကြေးငွေကို အမှန်တကယ် လိုအပ်နေသော ပရဟိတအဖွဲ့အစည်းထံသို့ ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲမတိုင်မီထိ ပါဝင်ယှဉ်ပြိုင်သော အသင်းသားကို အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ သာ ရရှိကြသော်လည်း ယခုနှစ်မှစတင်၍ ဆုကြေးငွေ တိုးမြှင့်ပေးခဲ့ခြင်းလည်းဖြစ်သည်။

နိုင်ငံကိုယ်စားပြု အနေဖြင့် ပါဝင်ယှဉ်ပြိုင်ရာတွင် ဆုကြေးငွေလက်ခံရယူမှုအပေါ် အသင်းသားများအနေဖြင့် ဝေဖန်ခံနေကြရသော်လည်း အသင်းခေါင်းဆောင် ဘရက်ဒ်လေက အသင်းသားများဘက်မှ ကာကွယ်ပြောကြားပေးခဲ့သည်။

စကော့တီရှက်ဖလာအနေဖြင့် ရရှိလာသော ဆုကြေးငွေကို ကိုယ်ရေးကိုယ်တာအတွက် သုံးစွဲသွားမည်မဟုတ်ဘဲ လှူဒါန်းသွားရန် ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်ပြီး အသင်းသား တချို့ကိုလည်း လှူဒါန်းရန်စကော့တီရှက်ဖလာက ဖိတ်ခေါ်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

ညွန့်ဝင်း(နတ်တလင်း)

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ပညာရေးကိုအခြေခံပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေကြသည်။ ပညာရေးဖွံ့ဖြိုးမှ နိုင်ငံဖွံ့ဖြိုးမည်ကို ကောင်းစွာ သိနားလည်နေကြပြီဖြစ်သည်။ ပညာရေးသည် မိမိတစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါသည်မဟုတ်ပေ။ လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကြီးကို ကောင်းမွန်စွာတည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ အကောင်အထည်ဖော်ရာတွင် ပညာသည် အဓိကနေရာမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါနိုင်ငံသူနိုင်ငံသားများ ကိုယ်ကာယကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အသွေးပြည့်ဝနေရန်လိုအပ်ပေသည်။ နိုင်ငံအတွက် ပညာအရည်အသွေးပြည့်ဝသည့် လူငယ်များ၏စွမ်းဆောင်နိုင်မှုအင်အားပမာဏများစွာလိုအပ်သည်။

ပညာဆိုသည်မှာ အရာရာတွင် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ်ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် ပညာတတ်လူငယ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်ကလည်း အမြော်အမြင်ကြီးမားစွာဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသကဲ့သို့ ပညာရေးအတွက် လိုအပ်ချက်များကိုလည်း အလေးထားဖြည့်ဆည်းပေးလျက်ရှိသည်။ ပညာသင်နှစ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်အဆင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲများကျင်းပ၍ ထိုက်ထိုက်တန်တန် အားပေးဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။

မျက်မှောက်ကာလတွင် အနာဂတ်နိုင်ငံတော်ကိုတည်ဆောက်ရာ၌ ပြည်သူများသည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များရှိကြရန် အထူးလိုအပ်လှသည်။ လူငယ်ဘဝတွင် အခြေခံပညာသင်ကျောင်းများက သင်ကြားပေးလိုက်သည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များသည် မြန်မာနိုင်ငံနှင့် ဆီလျော်လိုက်ဖက်သည့် ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏ အခြေခံအုတ်မြစ်များဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ် လူငယ်လူရွယ်များ စဉ်ဆက်မပြတ်ပညာသင်ကြားရေးသည် အလွန်အရေးပါလှပေသည်။ အနာဂတ်နိုင်ငံကို ဦးဆောင်မည့်လူငယ်များအတွက် အတတ်ပညာသာမက အသိပညာ၊ ဗဟုသုတများ ပြည့်ဝရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည်။ ထိုအရေးကြီးသည့် အသိပညာများကို ကျောင်းတွင် ကောင်းစွာကျေညက်အောင်လေ့လာသင်ယူပြီး လက်တွေ့ဘဝတွင် အကျိုးရှိရှိပြန်လည်အသုံးပြုကြရမည်ဖြစ်သည်။

ပညာနှင့် ပတ်သက်၍ "ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာရွှေအိုး လူမခိုး"ဟူသော အဆုံးအမများသည် ပညာ၏တန်ဖိုးများကို ဖော်ကျူးထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အချိန်ရှိခိုက် အရွယ်ရှိခိုက်တွင် ပညာရှာကြရန် "ငယ်စဉ်အခါပညာရှာ" ဆိုသည့် စကားသည် နုပျိုငယ်ရွယ်စဉ်ဘဝတွင် ပညာရှာဖွေဆည်းပူးရန် တိုက်တွန်းထားခြင်းဖြစ်သည်။ လူတစ်ယောက်သည် ပညာရှာဖွေ၊ ပညာဆည်းပူး၊ ပညာတတ်မြောက်ရုံဖြင့် မပြည့်စုံသေးဘဲ အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့်အတူ စည်းကမ်းဥပဒေလေးစားလိုက်နာကာ ပညာလည်းပြည့်ဝအောင်ကြိုးစားကြရန်လည်း အရေးကြီးသည်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော လူ့ဘောင်အသိုင်းအဝိုင်းကသာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် အမှန်တကယ်စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အတွက် လိုအပ်သောပညာရေးစဉ်ဆက်မပြတ်တိုးတက်စေရန်အတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် "အမျိုးသားပညာရေးကဏ္ဍ"ကို နိုင်ငံတော်က တာဝန်ယူပုံဖော်ပေးနေရာ အားလုံးခံယူချက်ပြည့်ဝစွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်လှသည်။

**❖ ယနေ့ခေတ်လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြသူများဖြစ်ရာ ပညာအရည်အချင်းပြည့်ဝစွာသင်ယူသိမြင်ပြီး မိမိတတ်ကျွမ်းသည့်ပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားပေးကြရမည်ဖြစ်သည်။ နိုင်ငံတွင် စီးပွားရေးအားနည်းချက်များရှိနေရခြင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည့် အတတ်ပညာများ အားနည်းနေခြင်းကြောင့်ဖြစ်သည်။ အတတ်ပညာဟူသည် အတန်းပညာကိုအခြေခံ၍ ရယူကြရသည်ဖြစ်ရာ ပညာရေးကို အစဉ်အားပေးမြှင့်တင်နေရမည်မှာ အမှန်ပင်ဖြစ်သည်။❖**

အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသည် အခြေခံပညာအဆင့်ကို တတ်မြောက်အောင်မြင်ပြီးသည့်နောက် တက္ကသိုလ်အသီးသီးသို့ ဆက်လက်တက်ရောက်ကာ အဆင့်မြင့်ပညာရပ်များကို ဆည်းပူးလေ့လာကြရမည်ဖြစ်သည်။ ထိုသို့ပညာကို စဉ်ဆက်မပြတ် တစ်ဆင့်ပြီး တစ်ဆင့် တိုးမြှင့်ဆည်းပူးခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ထွန်းလာစေရန် ပါဝင်ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ မိမိတို့ကိုယ်တိုင် ပညာပြည့်ဝမှသာ မိမိတို့ဆန္ဒရှိသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်ကို သိရှိနားလည်ရမည်။ ပညာပြည့်ဝမှ အသိဉာဏ်အတွေးအခေါ် ပြည့်ဝမည်။ အသိဉာဏ်ဆင်ခြင်တုံတရားမြင့်မားမှသာ မိမိတို့ရည်မှန်းချက်ပန်းတိုင် ဖော်ဆောင်မှုသည် ရေရှည်တည်တံ့ ခိုင်မြဲမည်ဖြစ်သည်။ ထို့ကြောင့် သင်ယူဆည်းပူးရရှိထားသော အသိပညာ၊ အတတ်ပညာများ၊ အလေ့အကျင့်ကောင်းများနှင့် ခံယူချက်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတိုင်းတွင် ခေတ်ကာလအလျောက် အားပြိုင်မှုများ များစွာရှိသည့်အနက် အထိရောက်ဆုံး ပြိုင်ဆိုင်မှုမှာ ပညာရေးပြိုင်ဆိုင်မှုဖြစ်သည်။ ပညာတတ်ပေါများသော နိုင်ငံသည် အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာပါလိမ့်မည်။ ပညာခေတ်ဟု အားလုံးက လက်ခံထားကြသည့် ယနေ့ခေတ်ကာလတွင် ပညာရပ်ဆိုင်ရာကဏ္ဍများတွင် တိုးတက်မှုနေ့ကွေးနေပါက အခြားကဏ္ဍအသီးသီးတွင်လည်း မျှော်မှန်းသလောက်အောင်မြင်တိုးတက်မှု ရရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ပေးမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ကျွန်တော်တို့မြန်မာနိုင်ငံ၏ ရေခံမြေခံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်ရသည့် စီးပွားရေးအခြေခံကို ရရှိပိုင်ဆိုင်ထားသည်။ ထိုစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် အတတ်ပညာမပါဘဲ အောင်မြင်တိုးတက်မှုရရှိနိုင်မည်မဟုတ်ချေ။ လုပ်ငန်းကိစ္စအဝဝသည် ပညာပြည့်ဝနှလုံးလှနေမှသာ အောင်မြင်မှုအရွေ့ကို ရရှိမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အပိုင်းကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းမှန်သမျှ ပြည့်ပြည့်ဝဝအောင်မြင်ရေးအတွက် ပညာရေးကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများကို အခြေခံပညာအဆင့်အောင်မြင်ပြီးမြောက်ပါက အသက်မွေးဝမ်းကျောင်းပညာများကို ဆက်လက်သင်ယူနိုင်ရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးထားသည်။ အခြေခံပညာအလယ်တန်းဆင့် အောင်မြင်ပြီးမြောက်လျှင် အထက်တန်းပညာ၊ စက်မှုပညာ၊ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာတို့ကို ဆက်လက်သင်ယူနိုင်အောင် စီမံဆောင်ရွက်ပေးထားသဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရပ်များကို တတ်မြောက်ကျွမ်းကျင်ပြီး လက်တွေ့အသုံးချနိုင်အောင် သင်ယူလေ့လာကြရန် လိုအပ်လှသည်။

ယနေ့ကမ္ဘာကြီးသည် နည်းပညာဆန်းသစ်မှုများကြောင့် အချိန်နှင့်အမျှ အစဉ်အမြဲတိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည်။ ထိုသို့ပြောင်းလဲတိုးတက်မှုများနှင့်အတူ လူငယ်လူရွယ်များကလည်း မျက်ခြည်မပြတ်လိုက်ပါနိုင်အောင် ကြိုးစားအားထုတ်ကြရန်လိုသည်။ ပြောင်းလဲမှုများနှင့်အတူ ကြိုးစားအားထုတ်ကြရာတွင်လည်း သတင်းအချက်အလက်၊ မီဒီယာခေတ်နှင့်အညီ မျက်ခြည်မပြတ် လေ့လာသင်ယူ အသုံးချတတ်ရန်လိုအပ်သည်။ တစ်ဖက်တွင်လည်းပြောင်းလဲနေသော ခေတ်ရေစီးကြောင်းနောက်တွင် မိမိတို့၏ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ စရိုက်အစဉ်အလာကောင်းများ မျောပါတိမ်မြုပ်မသွားစေရန်လည်း ဆင်ခြင်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလ၌ သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံဖန်တီးသတင်းများသည် လူတစ်ဦးတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို သိမ်းသွင်းဖြားယောင်းလျက်ရှိရာ ယင်းတို့ကို မှန်ကန်သည့်အသိ၊ မြဲမြံသည့်သတိ၊ ပြည့်ဝသောပညာတို့နှင့် ဆင်ခြင်သုံးသပ်လုပ်ကိုင်နိုင်စွမ်းရှိရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနေရမည်ဖြစ်သကဲ့သို့ ဘဝတွင် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် မှန်ကန်သည့်အသိဉာဏ်ပညာများနှင့် ဖြေရှင်းလုပ်ကိုင်နိုင်စွမ်းရှိရန် ပညာဝမ်းစာပြည့်ဝအောင်လေ့လာဆည်းပူးဖြည့်ဆည်းပြီး ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်အောင်ကြိုးစားလျက် နိုင်ငံ့အကျိုးကိုသယ်ပိုးစွမ်းဆောင်နိုင်မည်ဖြစ်သည်။

ယနေ့ခေတ် လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြသူများဖြစ်ရာ ပညာအရည်အချင်းပြည့်ဝစွာသင်ယူပြီး မိမိတတ်ကျွမ်းသည့်ပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားပေးကြရမည်ဖြစ်သည်။ နိုင်ငံတွင် စီးပွားရေးအားနည်းချက်များရှိနေရခြင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည့် အတတ်ပညာများအားနည်းနေခြင်းကြောင့်ဖြစ်သည်။ အတတ်ပညာဟူသည် အတန်းပညာကိုအခြေခံ၍ ရယူကြရသည်ဖြစ်ရာပညာရေးကို အစဉ်အားပေးမြှင့်တင်နေရမည်မှာအမှန်ပင်ဖြစ်သည်။ နိုင်ငံတော်က ပညာရေးကို အားပေးမြှင့်တင်ပေးနေသကဲ့သို့ မိဘ၊ ဆရာ၊ ဆရာမများအနေဖြင့် သား၊ သမီးများ၊ ကျောင်းသား၊ ကျောင်းသူလူငယ်များကို ပညာသင်ယူရာတွင် ပြည့်ပြည့်ဝဝတတ်မြောက်အောင် ကြိုးစားသင်ယူရေး ပံ့ပိုးပေးရန်လိုအပ်ပေသည်။ ပညာပြည့်ဝမှုနှင့်အတူ နှလုံးလှသူများဖြစ်စေရန် တိုင်းချစ်ပြည်ချစ်စိတ်များ၊ အမျိုးဂုဏ်ဇာတိဂုဏ်ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များလည်း မွေးမြူကိန်းအောင်းနေကြရမည်ဖြစ်သည်။ ထိုသို့ ပညာပြည့်ဝနှလုံးလှသူများသာလျှင် မိမိတို့၏နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်ပေသည်။

နိုင်ငံတော်ကပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသည့် ဆောင်ပုဒ်ချမှတ်ထားရာ ပြည်သူအားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- **နေ့စဉ်ထုတ် သတင်းစာများ**
- **ပညာရေးကဏ္ဍ လမ်းညွှန်ချက်များ**
- **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ ဦးတည်ချက်(၄)ရပ်**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# တောင်ကြီးမြို့ရှိ အဝေရာမီးပုံးပျံကွင်း၌ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ကျင်းပပြုလုပ်မည်



ယခင်နှစ်က တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို တွေ့ရစဉ်။

**ရန်ကုန် စက်တင်ဘာ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အဝေရာမီးပုံးပျံကွင်း၌ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း ရိုးရာမီးပုံးပျံ ပညာရှင်များအသင်းမှ အမှုဆောင်တစ်ဦးဖြစ်သူ ဦးစိုင်းပေတိထံမှ သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ထင်ရှားသည့် ပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာလ ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) ထိ ကျင်းပသွားမည်ဖြစ်ပြီး နေ့ပိုင်းတွင် ခြေနှစ်ချောင်း၊ ခြေလေးချောင်း အရုပ်အုပ်စု မီးပုံးပျံများနှင့် ညပိုင်းတွင် စိန်နားပန်မီးပုံးပျံ၊ ညမီးကျည်မီးပုံးပျံများကို လွှတ်တင်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ မီးပုံးပျံတွေ လုပ်နိုင်ဖို့ ပညာရှင်တွေနဲ့ မျိုးဆက်သစ်လူငယ်တွေကို ပြည်နယ်အစိုးရအဖွဲ့က ညမီးကျည်နဲ့ဆိုင်တဲ့ယမ်းနဲ့ ဆက်စပ်ပစ္စည်းတွေကို ဖြည့်စွက် ပံ့ပိုးပေးထားပါတယ်။ ပွဲတော်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းဖို့ ပညာရှင်တွေနဲ့အတူ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ရှမ်းပြည်နယ်တောင်ပိုင်း ရိုးရာမီးပုံးပျံ ပညာရှင်များအသင်းမှ အမှုဆောင်တစ်ဦးဖြစ်သူ ဦးစိုင်းပေတိက ပြောပြသည်။

ယခင်နှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် အရုပ်အုပ်စုမီးပုံပျံ ခြောက်လုံးခန့်၊ ညမီးကျည်အပါအဝင် စိန်နားပန်မီးပုံးပျံအလုံးရေ ၄၉ လုံးခန့်သာ လွှတ်တင်နိုင်ခဲ့ပြီး ယခုနှစ်တွင်တစ်နေ့လျှင် အရုပ်အုပ်စုမီးပုံးပျံ ၁၀ လုံးခန့်၊ ညမီးကျည်အပါအဝင် စိန်နားပန်မီးပုံးပျံအလုံးရေ ၇၀ ကျော်ထိ လွှတ်တင်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို အဝေရာမီးပုံးပျံကွင်းတွင် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခင်နှစ်က အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူ ဦးရေငါးသိန်းကျော်ထိ ရှိခဲ့ကြောင်း၊ အဆိုပါမီးပုံးပျံပွဲတော်သို့လာရောက်လည်ပတ်ကြသူများ အနေဖြင့် တန်ဆောင်မုန်း လပြည့်ကျော်ရက်များတွင် ဟိုပုံးမီးပုံးပျံပွဲတော်နှင့် ကလောမီးချောတိုင်ပွဲတော်ကို လည်ပတ်နိုင်မည် ဖြစ်ကြောင်း သိရသည်။ ASH

# Miss Nelson is Missing ဇာတ်ကား၌ မင်းသမီး မယ်လန်ဆာမက္ကာသီ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၂၄**

Miss Nelson is Missing ဇာတ်ကားတွင် မင်းသမီး မယ်လန်ဆာမက္ကာသီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

Miss Nelson is Missing အမည်ရှိ ဇာတ်ကားသည် ဂန္ထဝင်ကလေးပုံပြင်စာအုပ်ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် Netflix ကုမ္ပဏီက စီစဉ်ထားသည်။

Miss Nelson is Missing ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘရက်ကိုပီလန်းက ရေးသားပေးထားသည်။


၎င်းဇာတ်ကားသည် စာသင်ကျောင်းတစ်ကျောင်းမှ မစ်နယ်ဆင် အမည်ရှိ ဆရာမတစ်ဦး ထူးဆန်းစွာ ပျောက်ဆုံးမှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး မယ်လန်ဆာမက္ကာသီသည် ကျောင်းဆရာမ မစ်နယ်ဆင်အဖြစ် သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

Miss Nelson is Missing ဇာတ်ကား တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# တေးသံရှင် နီနီခင်ဇော်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင်ပြုလုပ်သွားမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၄**

တေးသံရှင် နီနီခင်ဇော်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် နီနီခင်ဇော်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် နီနီခင်ဇော်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် နီနီခင်ဇော်၏ သီဆိုဖျော်ဖြေမှုများကို Judson Entertainment Bar ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စက်တင်ဘာ ၂၇ ညမှာ Judson Entertainment Bar




နီနီရှိပါမယ်။ နီနီရဲ့အကောင်းဆုံး သီချင်းတွေကိုလဲ နီနီပရိသတ်တွေ ပြန်ပြီးနားထောင်ရင်း ခံစားနားဆင်လို့ရအောင် သီဆိုဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ နီနီနဲ့အတူ Secret Pieces Dancer Crews ကလဲ ပါဝင်အားဖြည့်ပေးမှာမို့ သီချင်းတွေကို အတူတူဆိုရင်း အကတွေကိုလဲ ရှုစားရမှာဖြစ်လို့ နီနီရဲ့ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင် နီနီခင်ဇော်က ပြောပြသည်။

တေးသံရှင် နီနီခင်ဇော်၏ သီဆိုဖျော်ဖြေမှုများကို Judson Entertainment Bar တွင် လာမည့် စက်တင်ဘာ ၂၇ ရက် ည ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Deck The Y'Alls ဟာသဇာတ်ကား၌ အော့တာဗီယားစပန်ဆာနှင့် ဂျက်ဆီကာချက်စတိန်းတို့ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၂၄**

Deck The Y'Alls အမည်ရှိ ဟာသဇာတ်ကား၌ အော်စကာဆုရ မင်းသမီးများဖြစ်ကြသည့် အော့တာဗီယားစပန်ဆာနှင့် ဂျက်ဆီကာချက်စတိန်းတို့ သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

Deck The Y'Alls ဇာတ်ကားသည် အော့တာဗီယားစပန်ဆာနှင့် ဂျက်ဆီကာချက်စတိန်းတို့နှင့် အတူ သရုပ်ဆောင်မည့် ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး အဆိုပါ အော်စကာဆုရ မင်းသမီးနှစ်ဦးသည် The Help (2011) ၌ အတူလက်တွဲသရုပ်ဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။

Deck The Y'Alls ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ ထရေစီအိုလီဗာနှင့် စတီဖာနီဝီလျံတို့က ရေးသားပေးထားကြောင်း၊ လက်ရှိတွင် Deck The Y'Alls ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို လာမည့်နှစ်အတွင်း စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

**Ref : Russia Today**

**Trs : KKO**



# ပေါင်းတည်မြို့နယ် ရွာပုလဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် စက်တင်ဘာ ၂၄**


ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာပုလဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၉ ဒသမ ၈ သန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။ **သုတ**

# High-level Myanmar delegation led by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing arrives in Russian Federation to attend the World Atomic Week Forum 2025


Senior General Min Aung Hlaing being seen off at Tatmadaw Airport in Nay Pyi Taw.

**Nay Pyi Taw September 24**

At the invitation of President of Russian Federation Mr. Vladimir Putin, a high-level Myanmar delegation led by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing left Tatmadaw Airport in Nay Pyi Taw by special flight this morning to attend the World Atomic Week Forum 2025 to be held in Moscow, Russian Federation.

The Senior General and delegation were seen off at the airport by SSPC Vice Chairman Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC member Executive Chief U Aung Lin Dway, SSPC members, union ministers, Russian Ambassador to Myanmar H.E. Mr. Iskander Azizov, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, and officials of Russian embassy and Military Attaché Office in Myanmar.

Together with the Senior General, members of the delegation, SSPC Secretary Joint Executive Chief General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe, union ministers, U Nyan Tun, U Ko Ko Lwin, Dr Myo Thein Kyaw and Dr Thet Khaing Win, Mandalay Region Chief Minister U Myo Aung, senior military officers from Office of Commander-in-Chief, deputy ministers, and military and civilian officials, left the airport on the same flight.

The special flight carrying the Senior General and delegation made a stopover at Tolmachevo Airport in Novosibirsk, Russian Federation, and the Senior General and delegation were welcomed by Novosibirsk Governor Mr. Travnikov Ahdrey Aleksandrovich and officials at the airport.


Senior General Min Aung Hlaing being welcomed at Tolmachevo Airport in Novosibirsk.

At the Airport lounge, Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and the governor cordially exchanged views on further promotion of bilateral cooperation.


Senior General Min Aung Hlaing exchanges gifts with Novosibirsk Governor Mr. Travnikov Ahdrey Aleksandrovich.

During the talks, Myanmar traditional dishes, tea-leave salad, tea and steamed hilsa, prepared in Myanmar were served, and the governor and party enjoyed the food very much. The Senior General explained the uniqueness of Myanmar traditional cuisines.


Senior General Min Aung Hlaing serves Novosibirsk Governor Mr. Travnikov Ahdrey Aleksandrovich with Myanmar traditional dishes, including steamed hilsa.

After the meeting the Senior General and the governor exchanged gifts.

The Senior General and delegation left for Moscow by special flight. They were seen off by the governor and party.

The Senior General and delegation arrived at Vnukovo International Airport in Moscow in the evening, and were warmly welcomed by Deputy Minister of Foreign Affairs of the Russian Federation Mr. Andrey Rudenko and officials, Myanmar Ambassador to Russia U Thit Lin Ohn, and Myanmar Military Attache (Army, Navy and Air) Brig-Gen Kyaw Soe Oo. 100


Senior General Min Aung Hlaing being welcomed by senior Russian officials at Vnukovo International Airport in Moscow.

# YeU District to grow 2,600 acres of onion as cold season crops



An onion plantation in YeU District.

**YeU September 24**

A plan is underway to grow 2,600 acres of onion as cold season crops in YeU District of Sagaing Region this year, according to the district Agriculture Department.

In 2025-26 cold season crop cultivation period, YeU Township earmarked 1,721 acres of onion, Taze Township 440 acres and Dabayin Township 439 acres, totalling 2,600 acres.

"This year, over 2,000 acres of onion are planned for cultivation during the winter crop season in YeU District," said U Zaw Myint Tun, Head of the District Agriculture Department. "Efforts will be made to fully meet the target acreage. Onion cultivation is proceeding as usual, and arrangements are also being made to help farmers secure good market prices."

In YeU District, the relevant township agriculture departments are assisting onion farmers by linking them to markets for better prices, providing techniques to extend storage life, encouraging cultivation under GAP (Good Agricultural Practices), and supporting the production of high-quality onions.

Farmers in the district spend around K1.8 million per acre on onion cultivation, with an average yield of about 5,000 viss per acre.

In Sagaing Region, onions are widely cultivated, with the townships of Monywa, Yinmabin, ChaungU, Shwebo, and Myinmu having the largest cultivation areas. 206

# Plan set to grow more than 3,000 acres of vegetables in Phaungpyin Township

**Phaungpyin September 24**

Mawlaik District Agriculture Department stated that local authorities earmarked cultivation of more than 3,000 acres of vegetables as cold season crops in Phaungpyin Township of Sagaing Region this year.

In the 2025–2026 winter crop season, a total of 3,906 acres of vegetables are planned for cultivation in Phaungpyin Township, with planting scheduled from October to December this year.

"This year, over 3,000 acres of vegetables are planned for cultivation in Phaungpyin Township during the winter crop season. These include mustard, chili, coriander, potato, cabbage, eggplant, and cauliflower. Farmers are being trained to grow all these crops under the GAP system. They will also be guided to minimize the use of chemical inputs and cultivate in a way that ensures food safety and health standards," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

In Phaungpyin Township, the Township Agriculture Department is conducting training programs to help vegetable farmers adopt GAP practices, provide technologies to ensure safe and healthy produce, and encourage expansion of vegetable cultivation.

Vegetables are grown in Phaungpyin Township seasonally every year. The crops are reported to be thriving, providing household income for farming families. The Township Agriculture Department is also educating farmers on correct cultivation methods, pest prevention, and the use of natural fertilizers, bio-pesticides, and organic repellents. 206



A vegetable farm in Phaungpyin Township.

# Kyunhla Township to plant more than 11,000 acres of black gram in coming cold season

**Kyunhla September 24**

Based on agricultural data of Kyunhla Township Agriculture Department, local farmers will grow more than 11,000 acres of black gram as cold season crops in Kyunhla Township of Sagaing Region this year.

In the 2025–2026 winter crop season, a total of 11,725 acres of black gram are planned for cultivation in Kyunhla Township, with planting to take place from October to December this year.

"This year, over 11,000 acres of black gram are planned for cultivation in Kyunhla Township during the winter crop season. Efforts will be made to fully meet the target acreage. During the cultivation period, we will also provide farmers with necessary technologies, quality seeds, and pest and disease control methods through field visits," said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

The Township Agriculture Department will educate black gram farmers on using quality and locally suitable seeds, ensuring seed purity, applying correct cultivation practices, preventing pest infestations, properly using fertilizers, and achieving good yields.

During this year's monsoon crop season, in cultivating various pulses, the respective township agriculture departments have been cooperating with farmers by providing quality and pure seeds, necessary inputs, and post-harvest technologies to help improve yield and quality.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Suspect in airport cyberattack held in UK

**London September 24**

British police have arrested a suspect in the cyberattack that caused major disruptions at some of Europe's busiest airports over the weekend.

A man in his forties was detained in West Sussex on suspicion of computer misuse offenses, and later released on conditional bail, the National Crime Agency (NCA) said. The suspect's identity has not been revealed.

"Although this arrest is a positive step, the investigation into this incident is in its early stages and remains ongoing," AP quoted Paul Foster, head of the NCA's national cybercrime unit, as saying. The official went on to describe cybercrime is a "persistent global threat."

Reports suggested ransomware may have been involved in the attack on airport check-in systems, although no group has claimed responsibility. "It looks almost more like vandalism than extortion, based on the information we have," James Davenport, a professor of information technology at the University of Bath, told AP.

Starting late Friday and continuing through the weekend, airports in Berlin, Brussels, and London experienced major disruptions to their electronic systems, causing long delays at check-in. The breach targeted Collins Aerospace software, which manages passenger processing systems used for check-in, boarding passes, and baggage handling. Airline staff were forced to fall back on manual methods, including handwriting boarding passes and using backup laptops to keep passengers moving.

RT



# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Northrop Grumman ကုမ္ပဏီက Beacon စီမံကိန်းကို ယခုနှစ်ဆောင်းဦးရာသီတွင် စတင်မည်



အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီသည် AI နည်းပညာကို လေယာဉ်ဖြင့် ပျံသန်းစမ်းသပ်မည့် ၎င်းတို့၏ Beacon စီမံကိန်းကို ယခုနှစ်ဆောင်းဦးရာသီတွင် စတင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစီမံကိန်းသည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အနာဂတ်တိုက်ခိုက်ရေးလေယာဉ်များတွင် AI နည်းပညာမထည့်သွင်းမီ လက်ရှိလေယာဉ်များ၌ စမ်းသပ်လိုသည့်ရည်ရွယ်ချက်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

စမ်းသပ်မှုတွင် Scaled Composites Model 437 Vanguard ဂျက်လေယာဉ်ကို အသုံးပြုမည်ဖြစ်ပြီး ၎င်းလေယာဉ်ပေါ်တွင် Prism ဟုခေါ်သော Northrop ၏ ဆော့ဖ်ဝဲအသစ်ကို တပ်ဆင်ပေးထားမည်ဖြစ်သည်။ Prism ဆော့ဖ်ဝဲသည် အခြေခံပျံသန်းမှုနှင့် ဘေးကင်းရေးဆိုင်ရာလုပ်ငန်းဆောင်တာများကို ထိန်းချုပ်ပေးမည်ဖြစ်ပြီး အခြားကုမ္ပဏီများမှ ဆော့ဖ်ဝဲရေးဆွဲသူများ၏စနစ်များကိုပါ ထည့်သွင်းစမ်းသပ်ခွင့်ပြုမည်ဖြစ်သည်။ လိုအပ်ပါက ထိန်းချုပ်မှုကို ပြန်လည်ယူနိုင်ရန်အတွက် ဘေးကင်းရေးမောင်းနှင်ဆောင်ရွက်မည့် လေယာဉ်မှူးတစ်ဦး ပါဝင်မည်ဖြစ်သည်။

အစောပိုင်းမစ်ရှင်များတွင် Prism ဆော့ဖ်ဝဲ၏စွမ်းဆောင်ရည်ကို အဓိကထားစမ်းသပ်မည်ဖြစ်ပြီး လာမည့် ၂၀၂၆ ခုနှစ်ထိ လုပ်ငန်းများဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ပထမအဆင့်တွင် Applied Intuition၊ Autonodyne၊ Merlin Labs ၊ Red 6၊ Shield AI နှင့် Soar Tech စသည့် နည်းပညာကုမ္ပဏီခြောက်ခု ပါဝင်မည်ဖြစ်သည်။ ၎င်းတို့၏စနစ်များကို လမ်းကြောင်းရှာခြင်း၊ အခြားလေယာဉ်များနှင့် တွဲဖက်လုပ်ဆောင်ခြင်း၊ မစ်ရှင်စီမံခြင်း စသည့်လုပ်ငန်းများအတွက် စမ်းသပ်သွားမည်ဖြစ်သည်။

Northrop Grumman ကုမ္ပဏီသည် ၎င်းတို့၏ Beacon စီမံကိန်းကို ပွင့်လင်းသောဗိသုကာစနစ်တစ်ခုအဖြစ် ဇွန်လတွင် မိတ်ဆက်ခဲ့သည်။ ဤစနစ်သည် ဆော့ဖ်ဝဲရေးဆွဲသူများကို ၎င်းတို့၏ ကိုယ်ပိုင်လေယာဉ် တည်ဆောက်ရန်မလိုဘဲ ၎င်းတို့၏ဆော့ဖ်ဝဲကို လေယာဉ်နှင့် ချိတ်ဆက်စမ်းသပ်ခွင့်ပြုထားသည်။

ဈေးကွက်တွင် ကိုယ်ပိုင်စမ်းသပ်နိုင်သည့်စနစ်များ လိုအပ်နေကြောင်း၊ AI နှင့် ကိုယ်ပိုင်လုပ်ဆောင်ခွင့် နယ်ပယ်တွင် ဆန်းသစ်တီထွင်သူ ကုမ္ပဏီများစွာရှိသော်လည်း ၎င်းတို့သည် ဟာ့ဒ်ဝဲရောင်းချသူများအဖြစ် ပေါ်ထွက်မလာသေးကြောင်း Northrop Grumman ၏ အဆင့်မြင့် ကိုယ်ပိုင်လုပ်ဆောင်မှုဌာန၏ ဒါရိုက်တာ Dan Salluce က ဆိုသည်။

ဤစနစ်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အနာဂတ်တိုက်ခိုက်ရေးလေယာဉ်များတွင် AI နည်းပညာ ပေါင်းစပ်ထည့်သွင်းရန် ရည်မှန်းချက်နှင့် ကိုက်ညီနေသည်။ ၎င်းတို့၏ Collaborative Combat Aircraft ပူးပေါင်းတိုက်ခိုက်ရေးလေယာဉ်အစီအစဉ်သည် လူသားလေယာဉ်မှူးမောင်းနှင်သည့် တိုက်လေယာဉ်များကို ကိုယ်ပိုင်ပျံသန်းလုပ်ဆောင်နိုင်သောဒရုန်းများဖြင့် တွဲဖက်ရန်ဖြစ်သည်။ Beacon ၏ Vanguard လေယာဉ်သည် အမေရိကန်လေတပ်၏ အခြားစမ်းသပ်စနစ်များဖြစ်သည့် X-62A VISTA နှင့် VENOM F-16 တို့ကို အင်အားဖြည့်တင်းပေးရန် ရည်ရွယ်သည်။ အဆိုပါ တိုက်ခိုက်ရေးလေယာဉ်များနှင့် မတူသည်မှာ Beacon စီမံကိန်းသည် ပိုမိုသက်သာသောကုန်ကျစရိတ်ဖြင့် ပျံသန်းနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး Northrop ကုမ္ပဏီက ၎င်း၏ ကိုယ်ပိုင်တယ်လီမက်ထရီနှင့် အထောက်အကူပြုစနစ်များကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။

"Beacon ကနေ ကျွန်တော်တို့ကို AI နဲ့ ကိုယ်ပိုင်လုပ်ဆောင်မှုစနစ်ကို ကျွန်တော်တို့ရဲ့ ပလက်ဖောင်းပေါ်မှာ ပေါင်းစပ်ထည့်သွင်းနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ အဲဒါကို ကုမ္ပဏီတွေနဲ့ နောက်ဆုံးပေါ်ဆန်းသစ်တီထွင်သူတွေကို သူတို့ ဘာတွေလုပ်နိုင်လဲဆိုတာ ပြသခွင့်ပေးပါတယ်"ဟု Salluce က ပြောကြားခဲ့သည်။

Vanguard လေယာဉ်သည် Northrop ၏ ကယ်လီဖိုးနီးယားအခြေစိုက်လုပ်ငန်းခွဲဖြစ်သော Scaled Composites မှ ထုတ်လုပ်ထားပြီး တစ်ယောက်စီးလေယာဉ်ဖြစ်ကာ အလျားနှင့် တောင်ပံအကျယ်သည် ၁၂ မီတာစီရှိပြီး စုစုပေါင်းအလေးချိန်မှာ ၄၅၃၆ ကီလိုဂရမ်ဖြစ်ကြောင်း၊ Pratt & Whitney PW535 turbofan အင်ဂျင်ကို အသုံးပြုထားပြီး မြင်းကောင်ရေ ၅၁၀၀ စွမ်းအားရှိကာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၅၀ ထိ အကွာအဝေး ၄၈၁၅ ကီလိုမီတာ၊ အမြင့်ပေ ၂၅၀၀၀ ထိ စစ်ဆင်ရေးများ ပျံသန်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

**Northrop Grumman to Begin AI Flight Tests With Beacon Jet** ကို ဘာသာပြန်ဆိုထားပါသည်။

## Robin Radar Systems ကုမ္ပဏီက အဆင့်မြှင့်တင်ထားသည့် ဒရုန်းတန်ပြန်ထောက်လှမ်းရေးရေဒါစနစ်ကို မိတ်ဆက်ခဲ့




နယ်သာလန်အခြေစိုက် Robin Radar Systems ကုမ္ပဏီသည် ယူကရိန်းစစ်ပွဲတွင် စမ်းသပ်ထားသော အဆင့်မြှင့်တင်ထားသည့် ၎င်းတို့၏ ဒရုန်းတန်ပြန်ထောက်လှမ်းရေးရေဒါစနစ်ကို မိတ်ဆက်ခဲ့သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းရေဒါကို IRIS ဟု အမည်ပေးထားသည်။ IRIS Long-Range Mode နည်းလမ်းတွင် ဆော့ဖ်ဝဲပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများပြုလုပ်ထားသည်။ ၎င်း Mode တွင် အကွာအဝေး ငါး ကီလိုမီတာနှင့် ၁၂ ကီလိုမီတာကြား မိနစ်ပိုင်းအတွင်း၌ ပစ်မှတ်များကို ပြောင်းလဲထောက်လှမ်းနိုင်စွမ်းရှိကြောင်း သိရသည်။ ဤသို့အကွာအဝေးကို ပြောင်းလဲထောက်လှမ်းနိုင်ခြင်းကြောင့် တစ်နာရီလျှင် ကီလိုမီတာ ၁၈၀ ကျော်နှုန်းဖြင့်လာနေသည့် Shahed ကဲ့သို့ တိုက်ခိုက်ရေးဒရုန်းများကို ရှာဖွေထောက်လှမ်းတွေ့ရှိနိုင်မှုတွင် ကြိုတင်ပြင်ဆင်ရန် အချိန်ပိုမိုရရှိစေသည်။

"ဒီအဆင့်မြှင့်တင်မှုဟာ အကွာအဝေးတစ်ခုတည်းအတွက်မဟုတ်ပါဘူး။ အချိန်အတွက်ပါ။ ထပ်တိုးလာတဲ့ ကီလိုမီတာတိုင်းက ကာကွယ်သူတွေကို တန်ဖိုးရှိတဲ့ တုံ့ပြန်နိုင်ချိန်ကိုပေးစွမ်းနိုင်ပြီး အရေးကြီးတဲ့ အခြေခံအဆောက်အအုံတွေကို ကာကွယ်ဖို့နဲ့ အသက်တွေကို ကယ်တင်ဖို့ အခွင့်အရေးပိုရစေပါတယ်။ ဒီလိုမျိုး ဆော့ဖ်ဝဲတစ်ခုတည်းနဲ့အဆင့်မြှင့်တင်မှုကနေတစ်ဆင့် ဒရုန်းတန်ပြန်ကာကွယ်ရေးမှာ အဆုံးအဖြတ်ပေးနိုင်တဲ့ အားသာချက်ဟာ ဆောက်လုပ်ထားတာမဟုတ်ဘဲ ကုဒ်သွင်းထားတာဖြစ်တယ်ဆိုတာကို ပြသနေပါတယ်"ဟု Robin Radar USA ၏ အထွေထွေမန်နေဂျာ Kristian Brost က ပြောကြားခဲ့သည်။

နယ်သာလန်အခြေစိုက် Robin Radar Systems ကုမ္ပဏီ၏ IRIS ရေဒါစနစ်သည် ယူကရိန်းနိုင်ငံတွင် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုခဲ့ပြီး စစ်မြေပြင်သုံးစွဲသူများထံမှ တိုက်ရိုက်တုံ့ပြန်မှုများကို ရယူကာ စစ်မြေပြင်အခြေအနေများကြားမှ ဖိအားဒဏ်ခံနိုင်စွမ်းကို စမ်းသပ်ပြီးစီးပြီဖြစ်သည်။ ၎င်းရေဒါသည် အလေးချိန် ၂၉ ကီလိုဂရမ်သာရှိပြီး သေးငယ်သော၊ မြန်နှုန်းမြင့်၊ ထောက်လှမ်းရန်ခက်ခဲသော ဒရုန်းများကို ကြိုတင်သတိပေးချက်နှင့် တိကျသောခြေရာခံထိန်းကျောင်းမှုများ ရရှိနိုင်ရန် တီထွင်ထားခြင်းဖြစ်သည်။ ၎င်းသည် ငှက်များကဲ့သို့သော သဘာဝအပျက်အစီးများနှင့် ဒရုန်းများကို ခွဲခြားနိုင်သည့် စွမ်းရည်ရှိသည်။ ယာဉ်တင်အသုံးပြုနိုင်ပြီး ရွေ့လျားနေစဉ်တွင်ပင် ၃၆၀ ဒီဂရီ ပတ်လည်နှင့် ၆၀ ဒီဂရီအမြင့်ပိုင်းကို လွှမ်းခြုံထောက်လှမ်းနိုင်သည်။ ဤစနစ်ကို ဆော့ဖ်ဝဲ အဆင့်မြှင့်တင်ခြင်းဖြင့်သာ ပြုလုပ်ထားပြီး မူလအသုံးပြုနေသော IRIS ရေဒါစနစ်များအားလုံးကို ဟာ့ဒ်ဝဲလဲလှယ်ရန်မလိုအပ်ဘဲ စစ်မြေပြင်တွင် အဆင့်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤအဆင့်မြှင့်တင်မှုသည် ဒရုန်းတန်ပြန်ရေးရေဒါများ၏ စွမ်းဆောင်နိုင်မှုတွင် သိသိသာသာ ပြောင်းလဲမှုတစ်ခုဖြစ်ကြောင်း၊ ၎င်းတို့သည် ရှေ့တန်းမှသုံးစွဲသူများ၏ အကြံပြုချက်များကို နားထောင်ခြင်းဖြင့် စစ်မြေပြင်တွင် သက်သေပြပြီးသည့်ဖြေရှင်းနည်းတစ်ခုကို ကမ္ဘာအနှံ့အပြားသို့ ပေးပို့နိုင်ခဲ့ကြောင်း Robin Radar Systems ၏ CEO ဖြစ်သူ Siete Hamminga က ပြောကြားခဲ့သည်။

**Robin Unveils Ukraine-Tested IRIS Radar With Longer Detection Range** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ရေဦး စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၀၀၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်း ၃၀၀၂ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ လက်ရှိဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေရုံမှုမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို
- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# တောင်တွင်းကြီးမြို့နယ် ပွင့်လှလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



တောင်တွင်းကြီး စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပွင့်လှကျေးရွာအုပ်စု ပွင့်လှလေးကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းငွေ၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပွင့်လှလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံ၍ ဆောင်ရွက်ပြီးကွန်ကရစ်လမ်းကို အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

တောင်တွင်းကြီးမြို့နယ် ပွင့်လှလေးကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ်သိန်း ၂၀ အသုံးပြုကာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် ၃၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ပွင့်လှလေးကျေးရွာရှိ အိမ်ခြေ ၁၁၃ အိမ်မှ လူဦးရေ ၄၈၆ ဦးတို့၏ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းငွေထံမှ သိရသည်။

ချိုလေး

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ငပုတော စက်တင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ငပုတောမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့်ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ဓနိချပ်ရေ ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်းက ဓနိချပ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"တစ်လအတွင်း ဓနိချပ်ရေအများအပြားကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလဲ ကောင်းပါတယ်။ ပြီးခဲ့တဲ့လထဲမှာ ရန်ကုန်ဈေးကွက်က ဓနိဝယ်ယူမှု ကောင်းခဲ့ပါတယ်။ ဝယ်ယူမှု ကောင်းခဲ့တဲ့အတွက် ဒေသခံ ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေနဲ့ ဓနိထိုးလုပ်သားတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ငပုတောမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံများက အများဆုံး စိုက်ပျိုးကြကြောင်း၊ အဆိုပါ ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကျောက်ဆည်မြို့နယ် လေးဆယ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကျောက်ဆည် စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ လေးဆယ်ကုန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၄၄၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၇ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်းအသင်းသား၊အသင်းသူ ၂၁၁ ဦးကို ရန်ပုံငွေကျပ်သိန်း ၄၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နီလာ


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်


နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးညဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိမ်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင်လိုက်ပါသွားကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလာသည့် အထူးလေယာဉ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ နိဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လေဆိပ်ညှော့်ခန်းမဆောင်၌ တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိဗာစီဗစ်မြို့ သာမာရှယ်ဗာ လေဆိပ်၌ နိဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် ၇၆ နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်အထိမ်းအမှတ် ညှော့်ခံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် ၇၆ နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့် အထိမ်းအမှတ်ညှော့်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ WYNDHAM GRAND Yangon Hotel ၌ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ဇနီးနှင့် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် တရုတ်နိုင်ငံ၏ သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။





ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး တရုတ်နိုင်ငံ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း ဗီဒီယိုကိုပြသကာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် လွန်ခဲ့သည့် ၇၆ နှစ်တာကာလအတွင်းရရှိခဲ့သည့် တရုတ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ အောင်မြင်မှုကို ဂုဏ်ပြုသည့်ပွဲဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား နှစ်ပေါင်း၇၅ နှစ်ကျော်ကြာ ထိန်းသိမ်းစောင့်ရှာက်လာခဲ့ကြသည့် သမိုင်းဝင်အမှတ်တရများ၊ ခိုင်မာသည့်မိတ်ဖက်ဆက်ဆံရေးများ၊ အပြန်အလှန်လေးစားမှုများနှင့် နှစ်နိုင်ငံမိတ်ဖက်များအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ထားရှိသည့်ကတိကဝတ်များကို ထင်ဟပ်ပြသသည့် အထိမ်းအမှတ်အောင်ပွဲ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့်အဖွဲ့ဝင်များက မြိန်ရှက်စွာသုံးဆောင်ကြစဉ်။

ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံမှ အသင့်ပြင်ဆင်လာသည့် မြန်မာ့ရိုးရာအစားအစာဖြစ်သည့် လက်ဖက်အုပ်၊ လက်ဖက်ရည်၊ အသင့်ချက်ပြုတ်လာသည့် ငါးသလောက်ပေါင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မြိန်ရှက်စွာသုံးဆောင်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။



မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenkoနှင့်တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---

တစ်ခုဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေးစတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မကျူးကျော်ရေး၊ ဝင်ရောက်မစွက်ဖက်ရေး၊ အပြန်အလှန်လေးစားမှု၊ တန်းတူညီတူရှိမှုနှင့် ပူးပေါင်းဆောက်ရွက်မှုတို့အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို ပူးတွဲထုတ်ပြန်နိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အဖွင့်ကောင်းဖြင့် စတင်နိုင်ခဲ့ကြောင်း။

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံက အချိန်နှင့်တစ်ပြေးညီပေးအပ်ခဲ့သည့် အရေးပေါ်ကယ်ဆယ်ရေး အကူအညီများ၊ ကျန်းမာရေးအကူအညီများ၊ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးဆိုင်ရာ အကူအညီများသည် ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် မြန်မာပြည်သူများအတွက် စိတ်ဓာတ်ခွန်အားကိုရရှိစေခဲ့ပါကြောင်း၊ အလားတူ မြန်မာ့ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံကပေးအပ်သော အပြုသဘောဆောင်သည့် အထောက်အပံ့များ၊ အာဆီယံနှင့် ကုလသမဂ္ဂအစရှိသည့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်က ရပ်တည်ထောက်ခံပေးမှုနှင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးပေးသည့်အကူအညီများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်နိုင်ငံအကြား အပြန်အလှန်ဖေးမကူညီမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ထောက်ခံမှုများ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို သမိုင်းက သက်သေခံလျက်ရှိပါကြောင်း၊ သာတူညီမျှမှု၊ အပြန်အလှန်လေးစားယုံကြည်မှုနှင့် ဆွေမျိုးပေါက်ဖော်အိမ်နီးချင်းကောင်းဆက်ဆံရေးကို အခြေခံကာ အတူတကွ ဆက်လက်ကြိုးပမ်းအားထုတ်မည်ဆိုပါက ပိုမိုမြင့်မားသည့် ဆက်ဆံရေးအဆင့်သို့ တက်လှမ်းနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ သံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် ၇၆ နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး သံအမတ်ကြီးက တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့်ဇနီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များကို အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပသည့် First World Public Assembly on New World of Conscious Unity သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ (International Day of Peace)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်ထိ ကျင်းပခဲ့သည့် First World Public Assembly on New World of Conscious Unity သို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ပေါင်းစည်းရေးဝန်ကြီး Mr. SERGEY GLAZYEV၊ Commonwealth of Independent States (CIS) အတွင်းရေးမှူးချုပ် Mr. SERGEY LEBEDEV၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသတို့မှ ဝန်ကြီးများ၊ မြို့တော်ဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Secretary General of the World Peoples Assembly ဖြစ်သူ Mr. Andrey Belyaninov နှင့် တွေ့ဆုံဆွေးနွေးပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် Business Forum ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အာရှ၊ အာဖရိက၊ ဥရောပနိုင်ငံများ၊ BRICS၊ SCO များမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ဆွေးနွေးခဲ့သည်။




ယင်းဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏ယုံကြည်မှုမှ စီးပွားရေးယုံကြည်မှုသို့ ပူးပေါင်းဆောင်ရွက်မှုအခြေခံအုတ်မြစ်များ၊ From People Trust to Economic Trust(Humanitarian Foundations of Partnership) ခေါင်းစဉ်ဖြင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံသည့် လူသားများ၏ယုံကြည်မှုဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရေး၊ ယင်းမှတစ်ဆင့် ရေရှည်တည်တံ့သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးတည်ဆောက်နိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် The Role of Business in Economic Integration amid Global Changes ခေါင်းစဉ်ဖြင့် Panel Session ကို ကျင်းပရာ BRICS အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံအချို့က ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများကြားတွင် စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံများပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှုများကိုအလေးထားဆွေးနွေးခဲ့ကြပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် လက်တွေ့ကျသော အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညီလာခံခန်းမကြီး၌ ကျင်းပသည့် ညီလာခံပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ညီလာခံကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ညီလာခံသို့ နိုင်ငံပေါင်း ၁၅၀ ကျော်မှ လူထုအကြား ထင်ပေါ်ကျော်ကြားသည့်ပုဂ္ဂိုလ်များ၊ နိုဗယ်ဆုရပုဂ္ဂိုလ်များ၊ အစိုးရနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ သိပ္ပံပညာရှင်များ၊ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တို့မှ ပညာရှင်များ၊ လူငယ်ခေါင်းဆောင်များ၊ အားကစားသမားများ၊ အာကာသယာဉ်မှူးများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတကာမှ လူသိများသည့် သတင်းမီဒီယာများမှ သတင်းသမားဦးရေစုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်၌ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. SHOLBAN KARO-OOL နှင့် တွေ့ဆုံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့်မြန်မာနိုင်ငံတွင် မကြာမီကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်နှင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်သည့်အခြေအနေများကို ဆွေးနွေးကြပြီး ဒူးမားလွှတ်တော်ရှိ ပြတိုက်အတွင်း လေ့လာခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Russian Presidential Academy မှ Vice Rector ဖြစ်သူ Mr. Andrey Margolin ၏ဖိတ်ကြားမှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ Russian Presidential Academy of National Economy and Public Administration (RANEPA)သို့ သွားရောက်ပြီး Economic Development of Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး တက္ကသိုလ်ဝင်းအတွင်းရှိ စာသင်ဆောင်များနှင့် အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းတောင်ပေါ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၊ ဝမ်တာခက်တံတားသစ် ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းတောင်ပေါ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မက်မန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်း၊ "ဝ" လွယ်လနှင့် လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မက်မန်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မက်မန်းမြို့ရှိ ပညာဒီပကျောင်းတိုက်သို့ သွားရောက်၍ သံဃာတော်များအား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ၎င်းနောက် မိုင်းပျဉ်း-မက်မန်းလမ်းပေါ်ရှိ နမ့်ခချောင်းကူး ဝမ်တာခက်တံတားသစ်ဆောက်လုပ်ရေးစီမံကိန်းနေရာသို့ သွားရောက်၍ ဝမ်တာခက်ဘေလီတံတားဟောင်း၏ကြံ့ခိုင်မှုအခြေအနေနှင့် တံတားသစ်ဆောက်လုပ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မိုင်းပျဉ်း-မက်မန်းလမ်းပေါ်ရှိ ဝမ်တာခက်တံတားသစ်ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါတံတားဟောင်းမှာ ၂၀၂၄ ခုနှစ်အတွင်း တောင်ကျချောင်းရေတိုက်စားမှုကြောင့် တံတားတိုင်များ ပျက်စီးခဲ့သဖြင့် ၎င်း၏အနီး၌ အရှည်ပေ ၄၄၀ ရှိ RC Concrete အမျိုးအစား တံတားသစ်ကို ၂၀၂၅-၂၀၂၆ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တံတားဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော စီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(မဝ)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ်အယ်လ်ဟိုဝီရှန် အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ဆော်ဒီအာရေဗျအစိုးရ၏ အဆိုပြုချက်ကို သဘောတူပြီးဖြစ်သည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်အား ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ ရက်တွင် မွေးဖွားခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့ရှိ ကင်းဆော့ဒ်တက္ကသိုလ်မှ ဥပဒေဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ အီဂျစ်နိုင်ငံ အလက်ဇန္ဒရီးယားမြို့ရှိ အလက်ဇန္ဒရီးယားတက္ကသိုလ်မှ နိုင်ငံတကာဥပဒေဘာသာရပ်ဖြင့် မဟာဘွဲ့ကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်သည် ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ ဆော်ဒီအာရေဗျနိုင်ငံ အာရှနိုင်ငံများဆိုင်ရာအထွေထွေအုပ်ချုပ်ရေးရုံးတွင် သံအရာရှိအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာဆော်ဒီအာရေဗျသံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်ထိ ဆီးရီးယားနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် ထိ ဆော်ဒီအာရေဗျနိုင်ငံ သံတမန်ရေးရာကောင်စီ၏ ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၂၁ ခုနှစ်မှစ၍ အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ်အယ်လ်ဟိုဝီရှန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦး ထွန်းကားသည်။

(သတင်းစဉ်)

## ၂၀၂၅ ခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

UN Tourism

"ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့"

WORLD TOURISM DAY 2025 | TOURISM AND SUSTAINABLE TRANSFORMATION


၂၇-၉-၂၀၂၅ နေပြည်တော်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်ဦး အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" နောက် ၄၈ နာရီအတွင်း အပူပိုင်းမုန်တိုင်းအဖြစ် ဖြတ်ကျော်နိုင်




**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့ညနေ ၃နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ"(RAGASA)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံ ရှန့်ကျန်းမှ ဖြတ်ကျော်ခဲ့ကာ တရုတ်နိုင်ငံ ရန်ကျမ်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ"သည် မြောက်လတ္တီကျု ၂၁ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၁၂ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၅၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ"သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ခြောက်နာရီအတွင်း တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်ကမ်းရိုးတန်းဒေသများကို စတင်ဖြတ်ကျော်နိုင်ပြီး ထိုမှတစ်ဆင့် နောက် ၄၈ နာရီအတွင်း ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## ဘဏ်ပိတ်ရက်ကြေညာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက် (ဗုဒ္ဓဟူး)နေ့သည် "ဘဏ်ပိတ်ရက်" ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။


**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**❑ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်မှ**


စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၄-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၇-၉-၂၀၂၅ ရက်နေ့မှ ၂၈-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၄-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၉-၉-၂၀၂၅ ရက်နေ့မှ ၃၀-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




☆ **ကျောဖုံးမှအဆက်**

အဆိုပါ HRB 500 အမျိုးအစား သံချောင်းလုံးများ မြို့ဟောင်းဘူတာသို့ ရောက်ရှိစဉ်တွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် ဆက်လက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။


**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့် နေ့အပူချိန်များ

(၂၄ - ၉ -၂၀၂၅)

| | | |
|---|---|---|
| ချောက် | ၃၅ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၄ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၃၃ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရေဆင်း | ၃၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Iskander Azizov အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အပိုင်းလိုက်ရွေးကောက်ပွဲဆောင်ရွက်ရာတွင် တစ်ပိုင်းနှင့်တစ်ပိုင်းကြား စီမံခန့်ခွဲဆောင်ရွက်မည့် ကိစ္စရပ်များ၊ နိုင်ငံပြင်ပကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို မိတ်ဆွေကောင်းနိုင်ငံအဖြစ် အစဉ်အမြဲရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်ဆိုင်ရာများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များဖိတ်ကြားမည့် အခြေအနေများ၊ ကိုယ်စားလှယ်လောင်း လျှောက်ထားမှုအခြေအနေများ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများနှင့် မေးမြန်းချက်များကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)


(၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်

"ခွေးရူးရောဂါကင်းစင်ရေး၊ မနေ့းအမြန်လက်တွဲပေး"

ACT NOW: YOU, ME COMMUNITY



နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် လေးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်ထံ PDF အမည်ခံ အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် လေးဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး စုစုပေါင်း လေးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ၎င်းကျည် ၇၁ တောင့်၊ RPG တစ်လက်၊ Type-79 တစ်လက်၊ RPG ဗုံးသီး သုံးလုံး၊ ၄၀ မမ ဗုံးသီး တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦး၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“ကျွန်တော်တို့ ရန်နောင်မှာ တိုက်ပွဲတွေဖြစ်တော့ ၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်က စစ်ရှောင်ရင်းနဲ့ ပဒပ်ချောင်းကျေးရွာ




ကို ရောက်ရှိသွားခဲ့ပါတယ်။ ဒီလိုရောက်ရှိသွားတဲ့အချိန်မှာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေ ရွာထဲကိုရောက်ရှိလာပြီး ကျွန်တော်တို့အသက်အရွယ် ယောကျ်ားလေးတွေကို သူတို့ဝေယျာဝစ္စတွေခိုင်းဖို့နဲ့ သူတို့အဖွဲ့ထဲကိုဝင်ဖို့ ခေါ်ဆောင်သွားခဲ့ပါတယ်။ ရန်နောင်မှာ ပြန်ပြီးနေလို့ရပြီ။ ပြန်မယ်ဆိုတော့ သူတို့စခန်းတွေကို သိနေတာကတစ်ကြောင်း၊ နောက်တစ်ခုက သူတို့ခိုင်းတာတွေကို လုပ်ပြီးသွားပြီဖြစ်တဲ့အတွက် တပ်မတော်ဘက်က သိလို့ရှိရင် ဖမ်းပြီးတော့နှိပ်စက်မယ်။ အဲ့ဒီလိုပြောတဲ့အတွက် ကျွန်တော်တို့ဆက်ပြီးတော့နေခဲ့ရတယ်။ ကြာလာတော့ လူမျိုးရေးခွဲခြားလာတယ်။ အလုပ်ဆိုရင်လည်း ကျွန်တော်တို့ပဲလုပ်ရတယ်။ ကင်းစောင့်ရင်လည်း ကျွန်တော်တို့ပဲစောင့်ရတယ်။ ပြောမှားဆိုမှားရှိလို့ရှိရင်လည်း ကျွန်တော်တို့ အနှိပ်စက်ခံရတယ်။ ပြည်သူတွေကို ဥပဒေမဲ့စွာဖမ်းတယ်။ ဖမ်းပြီးတော့နှိပ်စက်တယ်။ ကျွန်တော်တို့တွေဆိုလည်း မိဘတွေနဲ့အဆက်အသွယ်လည်းမရဘူး။ မိဘတွေနဲ့လည်း အဆက်အသွယ်မလုပ်ခိုင်းဘူး။ ဖုန်းတွေကိုလည်း သိမ်းထားတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့မိဘတွေနဲ့လည်း ပြန်နေချင်တယ်။ မြို့ပေါ်မှာ တခြားသူငယ်ချင်းတွေ ပျော်နေတာမြင်ရင်လည်းအားကျမိတယ်။ ပြီးတော့ လူငယ်တွေလို လွတ်လွတ်လပ်လပ်လည်း နေချင်တယ်။ ဥပဒေဘောင်အတွင်းမှာ စည်းကမ်းတကျလည်း ပြန်နေချင်တာကြောင့် ကျွန်တော်တို့ လေးယောက်တိုင်ပင်ပြီးတော့ အဖွဲ့ထဲမှာ ပစ်အားအကောင်းဆုံးဆိုတဲ့ လက်နက်တွေကို ယူဆောင်ပြီးတော့ တပ်မတော်ထံ အလင်းဝင်ရောက်ခဲ့တယ်။ အလင်းဝင်ရောက်လာတဲ့အခါမှာလည်း တပ်မတော်ဘက်က ကျွန်တော်တို့ကို နှိပ်စက်မေးမြန်းခြင်း မရှိတဲ့အပြင် အခုလို နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ပြီးတော့ PDF ထဲမှာရှိတဲ့ ညီအစ်ကိုတွေကိုလည်း ပြောချင်တာက တပ်မတော်ထံအလင်းဝင်ပါ။ တပ်မတော်ဘက်ကလည်း နွေးထွေးစွာ လက်ကမ်းကြိုဆိုနေပါတယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်”ဟု ပြောသည်။ (၅၀၁)

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် “သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များနှင့် https://bit.ly/47Md8CK တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# ဒလမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်နှင့် ပတ်ဝန်းကျင် ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ရပ်ကွက်ရှိ အလယ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂ ပါး နှင့် ဒေသခံပြည်သူ ၁၃၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီ တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၄၈ တန်၊ အခြားသစ် ၂၀ ဒသမ ၅၀၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၄၆၃၅ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် ရတနာပုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် ကော့သောင်းမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်တွင် တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်အတွင်း၌ ကျွန်းသစ် ၁ ဒသမ ၀၄၃ တန်၊ အခြားသစ် သုည ဒသမ ၆၈၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၁၂၁၅ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးအရှေ့မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၆၄၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၆၅၁၂၁၅ ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၉ ရက်တွင် မော်လမြိုင်မြို့နယ် သီရိမြိုင်ရပ်ကွက်(၁၁)လမ်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀ ကို လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် မုတ္တမမြို့ ကျွဲခြံရွာ သံလွင်မြစ်ကမ်းအနီးမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀၂ မျိုး၊ စားသောက်ကုန်ပစ္စည်း ၃၁ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၁၇၁၀၀၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် သံလွင်တံတား မော်လမြိုင်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၇ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၉၂၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် မုတ္တမဆိပ်ကမ်း (လှိုင်သာယာ)၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၁ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၇ မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၇၃၄၂၃၈၁ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Triple Sky ရေယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၇၃၄၂၃၈၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်တွင် မူဆယ်မြို့ ဆင်ဖြူဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၇၂ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၄၄၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Wish တစ်စီး၊ Sunlong Bus တစ်စီး၊ Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၁၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။



Gasoline Engine



Brand New Electric Forklift



Brand New Mobile Phone



ယာဉ်လိုင်စင် ရှိ/မရှိ စိစစ်ဆဲ



Multi-Function Adaptor



MV. Triple Sky ရေယာဉ်



Brand New Mobile Phone



ယာဉ်လိုင်စင် ရှိ/မရှိ စိစစ်ဆဲ

ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၂၂ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၆၀ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၄၆၇၃၇၃၁ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# စကော့တလန်နိုင်ငံ ဖော့ဟောက်ဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ



**အီဒင်ဘတ် စက်တင်ဘာ ၂၄**

စကော့တလန်နိုင်ငံ ဖော့ဟောက်ဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း စကော့တလန် မီးသတ်တပ်ဖွဲ့က စက်တင်ဘာ ၂၃ ရက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် စက်တင်ဘာ ၂၂ ရက်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ရာသီဥတုအခြေအနေကြောင့် ကူးစက်လောင်ကျွမ်းမှု မြန်ဆန်ကာ လူနေအိမ်ခြေများနှင့် အခြေခံ အဆောက်အအုံများသို့ ကူးစက်နိုင်သည့် အခြေအနေဖြစ်သည့်အတွက် တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှု ဖြစ်ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူထားရကြောင်း သိရသည်။

"စက်တင်ဘာ ၂၂ ရက်က စတင်ပြီးတော့ ဖော့ဟောက်ဒေသမှာ တောမီးလောင်ကျွမ်းမှု စတင်ခဲ့ပါတယ်။ စက်တင်ဘာ ၂၃ ရက်မှာ ရာသီဥတုအခြေအနေကြောင့် တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိခဲ့ပါတယ်။ လူနေအိမ်ခြေတွေနဲ့ အခြေခံ အဆောက်အအုံတွေကို ကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီ ရယူထားပါတယ်။ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း အဆိုးရွားဆုံးတောမီးလောင်ကျွမ်းမှုဖြစ်ပါတယ်"ဟု စကော့တလန်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဂါနာနိုင်ငံတွင် သတ္တုမိုင်းတွင်းများကြောင့် အဆိပ်သင့်ဓာတ်ငွေ့များပျံ့နှံ့နေပြီး လေထုညစ်ညမ်းမှုဖြစ်ပေါ်နေကြောင်း Environmental Protection Authority က သတိပေးချက်ထုတ်ပြန်

**အက်ကရာ စက်တင်ဘာ ၂၄**

ဂါနာနိုင်ငံတွင် သတ္တုမိုင်းတွင်းများကြောင့် အဆိပ်သင့်ဓာတ်ငွေ့များပျံ့နှံ့နေပြီး လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း Environmental Protection Authority က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သတ္တုမိုင်းတွင်း ၁၃ တွင်းကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေခြင်းဖြစ်ပြီး အဆိုပါသတ္တုမိုင်းတွင်းများမှာ တရားမဝင်သတ္တုမိုင်းတွင်းများဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုပမာဏမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော ကျန်းမာရေးနှင့် ညီညွတ်သည့် ပမာဏထက် အဆပေါင်းများစွာ ကျော်လွန်နေပြီး ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှု ပမာဏမှာ အဆုတ်ရောဂါ၊ အရေပြားကင်ဆာရောဂါတို့ ဖြစ်ပေါ်စေနိုင်သည့် ပမာဏလည်းဖြစ်ကြောင်း Environmental Protection Authority က သတိပေးချက်ထုတ်ပြန်ခဲ့သည်။



"တရားမဝင် သတ္တုမိုင်းတွင်းတွေကြောင့် လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ လေထုညစ်ညမ်းမှုပမာဏဟာ အဆိပ်သင့်အဆင့်ကို ရောက်ရှိနေပါတယ်။ လေထုညစ်ညမ်းမှုကြောင့် အဆုတ်ရောဂါ၊ အရေပြားကင်ဆာ ဖြစ်ပေါ်စေနိုင်တဲ့ ပမာဏတစ်ရပ်ဖြစ်ပါတယ်။ ဒ့ါပြင် ကျောက်ကပ်ကိုပါ ထိခိုက်စေနိုင်တဲ့အခြေအနေလဲ ဖြစ်ပါတယ်"ဟု Environmental Protection Authority မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ်တွင် မိုးခေါင်မှုကြောင့် ပြည်နယ်အဆင့်အရေးပေါ်အခြေအနေ သတ်မှတ်

**ဝါရှင်တန် စက်တင်ဘာ ၂၄**

အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ်တွင် မိုးခေါင်မှုကြောင့် သောက်သုံးရေ ကန့်သတ်ချက်ရှိလာသည့်အတွက် မစ်ဇူရီပြည်နယ် ဝန်ကြီးချုပ်ရုံးက ပြည်နယ်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် သောက်သုံးရေကိုလည်း အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည်ဖြစ်ကြောင်း၊ မိုးခေါင်မှုအရေးပေါ်အခြေအနေကို စက်တင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ သတ်မှတ်ထားပြီး ထိုကာလအတွင်း သောက်သုံးရေလုံလောက်မှုရှိစေရေးအတွက် ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် စီစဉ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"မစ်ဇူရီပြည်နယ်မှာ မိုးခေါင်မှုဟာ ကာလတစ်ခုထိ ကြာမြင့်သွားနိုင်ပါတယ်။ မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ ကောင်တီပေါင်း ၈၅ ကောင်တီထိ ရှိနေပါတယ်။ မြေအောက်ရေထုအရင်းအမြစ်လဲ ခန်းခြောက်လာတဲ့အတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ အခက်တွေ့နိုင်ပါတယ်"ဟု U.S. Drought Monitor အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မစ်ဇူရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းကလည်း ကောင်တီပေါင်း ၈၅ ကောင်တီတွင် မိုးခေါင်မှုဖြစ်ပေါ်နေသဖြင့် ပြည်နယ်အဆင့် မိုးခေါင်မှုအရေးပေါ်အခြေအနေသတ်မှတ်ကြောင်း၊ အရေးပေါ်အခြေအနေကို စက်တင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ သတ်မှတ်ထားကြောင်း၊ သောက်သုံးရေကိုလည်း အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည်ဖြစ်ကြောင်း မစ်ဇူရီပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဆွစ်ဇာလန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် အိုဘာဂွန်ဒေသရှိ ရေခဲတောင် စံချိန်တင်အရည်ပျော်ကျမှု ဖြစ်ပေါ်နေ

**ဘန်း စက်တင်ဘာ ၂၄**

ဆွစ်ဇာလန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် အိုဘာဂွန်ဒေသရှိ ရေခဲတောင်စံချိန်တင်အရည်ပျော်ကျမှု ဖြစ်ပေါ်နေကြောင်း Glacier Monitoring Switzerland (GLAMOS) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန် မြင့်တက်လာမှုကြောင့် ရေခဲတောင်အရည်ပျော်ကျမှုဖြစ်ပေါ်နေပြီး Glacier Monitoring Switzerland (GLAMOS) မှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ ဆွစ်ဇာလန် ရေခဲတောင်တွင် ရေခဲထုမှာ ပြီးခဲ့သော ၁၂ လတာကာလအတွင်း မူလပမာဏထက် ခြောက်မီတာထိ လျော့ကျခဲ့ပြီး သက်တမ်းတစ်လျှောက် စံချိန်တင်အရည်ပျော်ကျမှုဖြစ်ကြောင်း Glacier Monitoring Switzerland (GLAMOS) ၏ ဒါရိုက်တာ မားသီးယပ်စ်ဟက်က ပြောကြားခဲ့သည်။

"အိုဘာဂွန်ဒေသမှာရှိတဲ့ ရေခဲတောင်ဟာ ရာသီဥတုလွန်ကဲမှုကြောင့် ရေခဲတောင်အရည်ပျော်ကျမှုဖြစ်ပေါ်နေပါတယ်။ ၁၂ လတာကာလအတွင်းမှာ ရေခဲတောင်ရဲ့ ရေခဲထုဟာ ခြောက်မီတာထိ လျော့ကျသွားခဲ့ပါပြီ။ ဒါဟာ ရေခဲတောင်သေဆုံးခြင်းပါပဲ"ဟု Glacier Monitoring Switzerland (GLAMOS) ၏ ဒါရိုက်တာ မားသီးယပ်စ်ဟက်က ပြောကြားခဲ့သည်။

အိုဘာဂွန်ဒေသရှိ ရေခဲတောင်သည် ၂၀၂၅ ခုနှစ် မေလတွင်လည်း ရေခဲတောင်ပြိုကျမှု ဖြစ်ပေါ်ခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသမှ လူနေအိမ်ခြေတချို့နှင့် လမ်းတချို့ပျက်စီးခဲ့ကြောင်း၊ ယခုနှစ် ဧပြီလအတွင်း ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ပြီး ရေခဲတောင်ထု မူလထက်မြင့်မားလာခဲ့သော်လည်း အပူချိန်မြင့်တက်မှုကြောင့် အရည်ပျော်ကျကာ ဆီးနှင်းထု လျော့ကျလာခဲ့ခြင်းဖြစ်ပြီး လက်ရှိအတိုင်း ရာသီဥတုလွန်ကဲမှု ဆက်လက်ဖြစ်ပေါ်နေပါက လာမည့် နှစ်ပေါင်း ၄၀ အတွင်း ရေခဲတောင် သေချာပေါက်ပျောက်ကွယ်မည့်အခြေအနေဖြစ်ကြောင်း မားသီးယပ်စ်ဟက်က ထပ်လောင်းပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကနေဒါနိုင်ငံ ပရင့်အက်ဝပ်ကျွန်းရှိ မြောက်ရက်စတီကိုမြို့ခံများကို သောက်သုံးရေ ချွေတာသုံးစွဲရန် PEI က သတိပေးထား

**အော့တဝါ စက်တင်ဘာ ၂၄**

ကနေဒါနိုင်ငံ ပရင့်အက်ဝပ်ကျွန်းရှိမြောက်ရက်စတီကိုမြို့တွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး ရာသီဥတုဖောက်ပြန်မှုလျော့ကျသွားခြင်းမရှိသေးပါက သောက်သုံးရေပြတ်လပ်သည့်ပြဿနာဖြင့် ရင်ဆိုင်ရနိုင်သည့်အတွက် ဒေသခံများကို သောက်သုံးရေချွေတာသုံးစွဲရန် ပရင့်အက်ဝပ်ကျွန်း အာဏာပိုင်အဖွဲ့အစည်း (PEI) က သတိပေးထားကြောင်း ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသကဲ့သို့ မြေအောက်ရေထုအရင်းအမြစ် ခန်းခြောက်သည့်ပြဿနာဖြင့်လည်း ရင်ဆိုင်နေရသည့်အတွက် ရေတွင်းမှ ရေကိုသုံးစွဲနေသည့်ဒေသခံများအနေဖြင့်လည်း ရေတွင်း၌ ရေလျော့နည်း ကျဆင်းလာမှုကြောင့် သောက်သုံးရေ ခက်ခဲသည့် ပြဿနာဖြင့် ကြုံတွေ့နေရကြောင်း ထုတ်ပြန်ထားသည်။

"ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်တက်လာမှုနဲ့အတူ မြောက်ရက်စတီကိုမြို့မှာ မိုးခေါင်မှုတွေ ဖြစ်ပေါ်လာတယ်။ မိုးခေါင်မှုကြောင့် သောက်သုံးရေပြတ်လပ်သွားနိုင်တဲ့အရေးနဲ့ ရင်ဆိုင်ရနိုင်တယ်။ ဒါကြောင့် သောက်သုံးရေပေးဝေမှုကို ကန့်သတ်သွားမှာဖြစ်သလို ဒေသခံတွေအနေနဲ့လဲ သောက်သုံးရေကို ချွေတာသုံးစွဲသွားကြဖို့ လိုအပ်ပါတယ်။ ဒီကာလအတွင်း မော်တော်ယာဉ်တွေရေဆေးတာ၊ ပန်းခြံနဲ့မြက်ခင်းတွေ ရေလောင်းတာမျိုးမလုပ်ကြဖို့လဲ သတိပေးတားမြစ်ပါတယ်"ဟု ပရင့်အက်ဝပ်ကျွန်း အာဏာပိုင်အဖွဲ့အစည်း(PEI)မှ ပြောရေးဆိုခွင့်ရှိသူ စတီဖိန်းမိုအာစီက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# ထွေးပိုက်ဝေဒနာ ဖြေဆည်ရာ

## အမေ့သား(နတ်မောက်)



**ယမန်နေ့မှအဆက်**

သို့တိုင် ဘသာအေးခမျာမှာတော့ အပူတစ်ခု ပို၍တိုးလာရသည်။ သူငယ်ချင်းတစ်တွေပြန်လာကြသော်လည်း သားတစ်ယောက်တည်း ကျန်ရစ်နေခဲ့သည်။ အိမ်အတွက် ငွေတချို့နှင့် လက်ဆောင်ပစ္စည်းတချို့ထည့်ပေးလိုက်၏။ ဤသည်ကို ဘသာအေး မမက်မောပေ။ သားကိုသာ ပြန်လာစေချင်သည်။

လုပ်ငန်းခွင်မတူသောကြောင့် ကျန်ရစ်နေခဲ့ခြင်းဖြစ်ကြောင်း ပြန်ရောက်လာသည့် သားသူငယ်ချင်းများဆီမှ သတင်းစကားကြားသိရ၏။ သားတစ်ယောက်တည်းမဟုတ်။ မကွေးမှသား၏လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတစ်ယောက်လည်း ကျန်ရစ်ခဲ့သည်ဆို၏။ စိတ်မပူဖို့ရာ အတိုချုံးမှာရေးသားထားသည့် သား၏စာကလေးကို လက်ခံရရှိသည်။ အစအဆုံး ငါးခေါက်ထက်မနည်း ဘသာအေးဖတ်သည်။ ပြန်လာမည့်အချိန်ကာလကိုကား စာထဲတွင် ရေးသားထားခြင်းမတွေ့ရ။ စာထဲမှ သားသည် ပျော်ရွှင်နေပုံရ၏။ ပင်ပန်းသော်လည်း အလုပ်မှာပျော်ရွှင်ကြောင်း၊ ပင်ပန်းသလောက် ဝင်ငွေရတော့ အဆင်ပြေကြောင်း၊ သားမှာ အနာဂတ်ရည်မှန်းချက်ရှိကြောင်း၊ ထိုရည်မှန်းချက်ကို အောင်မြင်အောင်ကြိုးစားရမည်ဖြစ်ကြောင်း ဖတ်လိုက်ရတော့ ဘသာအေး ပို၍ပင် စိတ်ပူပန်သွားရသည်။ သား၏ ရည်မှန်းချက်ဆိုသည်ကို ဘသာအေးတစ်သက် မကြားဖူးခဲ့။ ရေခြားမြေခြား တိုင်းတစ်ပါးရောက်ခါမှ ရုတ်တရက်ဖြစ်တည်လာသည့် ရည်မှန်းချက်ဖြစ်လိမ့်မည်။ သို့ဆိုလျှင် သား၏ ရည်မှန်းချက်က.....။ ဘုရား ဘုရား တိုင်းတစ်ပါးမှာ အခြေချပြီး ဘဝတိုးတက်အောင်လုပ်မလို့လား။ ဒါကိုတော့ ဘသာအေး ခွင့်မပြုနိုင်။ သည်တစ်ခါ သားဆီက ဖုန်းခေါ်လာလျှင် ထိုအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးရလိမ့်မည်။

"အဘိုးကြီး တွေးလှ ငေးလှချည်လား။ ဘာတွေတွေးနေတာတုံး"

သည်တော့မှ ဘသာအေး သတိဝင်လာသည်။ ဘထွန်းမောင်ကိုရေနွေးကြမ်းကလေးပင် ငှဲ့မပေးမိ။ အာလာပသလ္လာပ ညှေ့ဝတ်စကားလေးမှမပြောဖြစ်။ အားနာမိသည်။ ကပျာကယာရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်သည်။ မီးဖိုခန်းဆီမှ မီးခိုးလုံးကလေအသင့်မှာ ဘသာအေးတို့ဆီ ရောက်လာသည်။ လက်ဖြင့် ခါယမ်းကာတိမ်းရှောင်လိုက်ရသည်။

"မတွေးပါဘူးဗျာ၊ ခင်ဗျားသားကော အဆင်ပြေခဲ့ရဲ့လား"

"ပြေပါသော်ကောဗျာ။ ပါလာသမျှပိုက်ဆံ ကျုပ်ကို အကုန်အပ်သဗျ။ ကျုပ်က မအပ်နဲ့ မင်းအတွက် စုထား၊ ရွှေထည်လေးဘာလေးလုပ်လို့ ပြောရတယ်၊ မဟုတ်ဘူးလား။ ကျုပ်တို့က အသက်ကြီးလှပြီ ဘာမှမလိုတော့ဘူး။ သူတို့က လူ့ဘဝမှာ အများကြီးနေရအုံးမှာလေ။ အဲဒါကြောင့် ကျုပ် မသုံးရက်ပါဘူးဗျာ။ သူ့ပဲ ပြန်ပေးလိုက်တယ်"

ဘထွန်းစိန် မောသွားဟန်တူသည်။ ရေနွေးတစ်ခွက် မှုတ်သောက်နေလေ၏။

"ဒါပေ့ါဗျာ ဒါပေ့ါ"

"ဒါပေမဲ့ မရပါဘူးဗျာ၊ ကျုပ်ပဲ သိမ်းထားရတယ်။ သူက မကြာခင် ပြန်သွားမှာတဲ့"

"ဘယ်ကိုလဲဗျ"

"အခု ပြန်လာခဲ့တဲ့နေရာကိုပေ့ါဗျာ။ နိုင်ငံခြားဆိုလား ဘာဆိုလား။ အဲဒီကို ပြန်သွားမှာတဲ့ဗျို့"

ဘသာအေးရင်ထဲ စစ်ခနဲဖြစ်သွားရသည်။ ပြန်သွားမည်ဆိုတော့ တိုင်းတစ်ပါးမှာ ပျော်ရွှင်နေ၍ဖြစ်မည်။ သို့ဆိုလျှင် သားပြန်လာလျှင်လည်း ခဏတစ်ဖြုတ်သာ အိမ်မှာနေပြီး ပြန်သွားမည်ထင်ပါ၏။ သောက်လေသောက်လေ ငတ်မပြေသည့် ပင်လယ်ရေကို သားသောက်မိနေလေပြီလား။ ဘသာအေး ရင်ခုန်သံတွေ မြန်ဆန်လို့လာသည်။ ဘသာအေးနှင့် ဘွားခင်စိန်အတွက်၊ ပြီးတော့သမီးကလေးအတွက် လိုလေသေးမရှိ။ ပြည့်စုံတန်သလောက် ပြည့်စုံနေပြီဆိုပါသော်လည်း သားကို စိတ်မချနိုင်သေး။ တိုင်းတစ်ပါးတွင် ရေရှည်မနေစေလိုပေ။ အနားတွင်မရှိသည့်တိုင် အမိနိုင်ငံထဲမှာသာ သားကို ကျင်လည်နေထိုင်စေချင်သည်။ လုပ်ကိုင်စားသောက်စေချင်သည်။

(၄)

သားဆီက ရောက်လာသည့် ပိုက်ဆံကလေးများကို ဘသာအေး မသုံးရက်။ ဘွားခင်စိန်ကိုလည်း လိုအပ်သည်ထက်ပိုပြီး မသုံးစေတော့ပေ။ ချွေတာစုဆောင်းထားသည်။ သားပြန်လာလျှင် အရင်းအနှီးကလေး ထုတ်ပေးနိုင်ရန်ဖြစ်သည်။ ငါးနှစ်ကျော်ခြောက်နှစ်ထဲရောက်လာသည့်တိုင် သားက ပြန်လာချင်ကြောင်းမပြောသေး။ ဖုန်းဆက်လာတိုင်း အားအင်အပြည့်နှင့်ပြောဆိုနေသည့် သား၏စကားသံက ပျော်ရွှင်နေသည့်ဟန်။ အိမ်ကိုလွမ်းသည့်စိတ်တစ်စက်ကလေးမျှပင်မတွေ့ရ။ သားအသံကို ကြားရပြန်တော့ ဘသာအေး စိတ်ကူးထားသည့်စကားလုံးများကို မပြောဖြစ်ပြန်။ သား၏အပျော်များ ပျောက်ကွယ်သွားမည်စိုးသောကြောင့် စကားလုံးများက ဘယ်ဆီသို့ လွင့်ပျံသွားသည်မသိ။ ထူးဆန်းပေ၏။ သားနှင့် ဖုန်းပြောပြီး မကြာခင်မှာပင် ဘသာအေး မျက်ဝန်းမှာ မျက်ရည်ကလေးများဝဲလည်လာရသည်။ မပြောဖြစ်သည့်စကားအတွက် နောင်တရချင်ချင်။ ဘွားခင်စိန်၏ မျက်ဝန်းမှာလည်း မျက်ရည်စလေးများနှင့်။ သားကို လွမ်းနေသည်ထင်ပါ၏။

"ကျုပ်တို့ သားကြီး ပြန်မလာတော့ဘူးထင်ပါရဲ့တော်"

ဘွားခင်စိန်ကို အားပေးစကားပြန်မပြောနိုင်။ ဘသာအေးမှာလည်း သူ့အပူနှင့်သူ။ သမီးကလေးကတော့ အစ်ကိုဖြစ်သူကို ရန်လုပ်မည်ဆို၏။ ဘသာအေး တားယူထားရသည်။ ကျောင်းဆရာမပီပီ ရင့်ကျက်နေပြီဖြစ်သည့် သမီးကလေးက ပြောစကားတော့ နားထောင်သည်။ ရွာတွင် တာဝန်ပြန်ကျသည့်အတွက် ဘွားခင်စိန် မီးဖိုခန်းကနေ အနားယူခွင့်ရပြီ။ သွပ်မိုး၊ ပျဉ်ထောင်အိမ်ကလေးနှင့် အပူအပင်ကင်းကင်းနေနိုင်ခဲ့ပြီ။ သမီးကလေးကိုလည်း ရွှေတွဲလဲ၊ ငွေတွဲလဲ ထားနိုင်ခဲ့ပြီ။ ဘသာအေးနှင့် ဘွားခင်စိန်အနေဖြင့် သံသရာအတွက် အေးချမ်းစွာတရားအားထုတ်ရုံမှတစ်ပါး အခြားမရှိခဲ့။ သို့တိုင် ဘသာအေး အားမထုတ်နိုင်ပေ။ ဘွားခင်စိန်ကတော့ နေ့စဉ်ရက်ဆက် သူ့အချိန်ကလေးနှင့်သူ တရားအားထုတ်ပါ၏။ အမေဆိုတော့ တစ်ခါတလေ သားလွမ်းစိတ်တော့ရှိသည်။ ဘသာအေးသည်လည်း ဖခင်တစ်ယောက်ပီပီ သားကို မလွမ်းဘူးမဟုတ် လွမ်းသည်။ ထိုလွမ်းစိတ်ကို ဘသာအေး ထိန်းချုပ်နိုင်သည်။ ဘသာအေး မထိန်းချုပ်နိုင်သည်က သားအတွက် ပူပန်နေသည့်စိတ်။ ဖွင့်ဟ၍လည်း မပြောတတ်။ ရင်ထဲတွင် မွန်းကျပ်နေသည်။

(၅)

ဘသာအေး မယုံကြည်နိုင်။ အိပ်မက်များပင် မက်နေလေသလားခံစားရသည်။ လူကောင်ပိုထွားလာသည့်သားက အပြုံးမျက်နှာနှင့် ဘသာအေး ရှေ့တည့်တည့်တွင် မလှုပ်မယှက် ကျောက်ရုပ်တစ်ရုပ်ပမာ။ ဘွားခင်စိန်က မျက်ရည်ကလေး တဝဲလည်လည်နှင့် ပြေးဖက်လေ၏။ အဖြူ အစိမ်းနှင့် သမီးကလေးက အံ့သြနေသည့်ဟန်။ ပြန်လာမည့်အကြောင်း ကြိုမပြောရကောင်းလားဟု အစ်ကိုဖြစ်သူကို ရန်လုပ်နေသေးသည်။ အိတ်ထဲကနေ လက်ဆောင်ပစ္စည်းလေးထုတ်ပြလိုက်လေမှ သမီးမျက်နှာ ဝင်းပသွားသည်။ ဘသာအေး သားကို ကြည့်၍မဝနိုင်သေး။ သား၏ပခုံးကိုပုတ်ကာ ခေါင်းတညိတ်ညိတ် လုပ်နေမိသည်။ ခဏတဖြုတ်အနားယူပြီး သားကို ထမင်းခူးကျွေးရသည်။ အညာထမင်း၊ အညာဟင်းကို လွမ်းနေဟန်တူပါ၏။ ခေါင်းမဖော်တမ်းစားသည်။ ဘသာအေး သားထမင်းစားနေသည့်အနားမှာနေပြီး သား၏အခြေအနေကို မေးရသည်၊ မြန်းရသည်။ သားအတွက် စုဆောင်းထားသည့် ငွေတိုငွေစကလေးများအကြောင်းပြောပြမိတော့ သားက ခေါင်းမော့လာသည်။

"အဖေ့နှယ် ကျုပ်အတွက်ရယ်လို့ စုဆောင်းထားရသေး။ အလကား ဒုက္ခများအောင်ဗျာ။ ကျုပ်မှာ ကျုပ်ရည်ရွယ်ချက်နဲ့ ကျုပ် စုဆောင်းထားတာ ရှိပါတယ်ဗျ။ ကျုပ်နဲ့ ကျုပ်သူငယ်ချင်း မကွေးမှာ ဆိုင်လေးတစ်ဆိုင်ဖွင့်ဖို့ တိုင်ပင်ထားကြတယ်။ ဒီအတွက် အရင်းအနှီးလေးရအောင် လုပ်နေရတာနဲ့ နည်းနည်းကြာသွားတာ"

ဘသာအေး အတိုင်းမသိဝမ်းသာသွားသည်။ ရင်ထဲဖြစ်တည်နေသည့် အပူလုံးကြီးသည်လည်း ယခုမှပင် ပေ့ါပါးသွားသယောင်။

"ဝမ်းသာလိုက်တာ ငါ့သားရာ။ အဖေက မင်းကို ဟိုမှာ ပျော်နေပြီအောက်မေ့တာ"

"ဘယ်ကသာ ပျော်ရမှာလဲ အဖေရာ။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွေမှမဟုတ်ဘဲ ဘယ်ပျော်ပ့ါမလဲလေ။ မဖြစ်သာလို့သာသွားရတာပါ အဖေရာ ပျော်လွန်းလို့ မဟုတ်ပါဘူး။ သူများနိုင်ငံ၊ သူများလူမျိုးတွေကြားမှာ နေရတာ ဘယ်လောက်မျက်နှာငယ်ရသလဲဆိုတာ လက်တွေ့ကြုံတွေ့ခဲ့ရတဲ့ ကျုပ်တို့ပဲသိတယ်။ ကိုယ့်နိုင်ငံကိုယ့်လူမျိုးတွေကြားမှာနေရတာ အေးထွေးဆုံး၊ အလုံခြုံဆုံးပဲ အဖေ။ အဲဒါကြောင့်ပဲ နောက်တစ်ခါ ပြန်မသွားရအောင်၊ ကိုယ့်နိုင်ငံမှာကိုယ် လုပ်ကိုင်စားသောက်လို့ရအောင် အပင်ပန်းအဆင်းရဲခံပြီး စုဆောင်းခဲ့ရတာပေ့ါ"

သူ့ထက်ပင် အမြော်အမြင်ရှိသည့်သားကို ဘသာအေး လေးစားမိသည်။ ချီးကျူးမိသည်။ မဖြစ်သာ၍ တိုင်းတစ်ပါးဆီသွားရောက်လုပ်ကိုင်ရသည့်တိုင် အနာဂတ်အတွက် ကိုယ့်နိုင်ငံမှာသာ အခြေချလုပ်ကိုင်စားသောက်ရန် အရင်းအနှီးကလေး စုဆောင်းလာခဲ့သည့်သားကို ဘသာအေး လေးစား၍မဆုံး၊ ဝမ်းသာ၍မဆုံး။ ဘွားခင်စိန်လည်း ရွှင်လန်းနေသည့်မျက်နှာကလေးနှင့် သားကို ကြည့်နေလေသည်။

ဘသာအေးရင်ထဲဝယ် သားနှင့်အတူ ထွက်ခွာသွားကြသည့် သားသူငယ်ချင်းများ၊ သားသူငယ်ချင်းများနည်းတူ အကြောင်းအမျိုးမျိုးကြောင့် တိုင်းတစ်ပါးဆီထွက်ခွာသွားကြသည့် အမိနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် သားနည်းတူအမိနိုင်ငံသို့ ပြန်လာကာ သားကဲ့သို့ ရည်ရွယ်ချက်ရှိရှိ စုဆောင်းထားခဲ့သည့် ငွေကြေးအရင်းအနှီးကလေးများဖြင့် တတ်ကျွမ်းရာတတ်ကျွမ်းကြောင်း ပညာရပ်ကလေးများဖြင့် အမိနိုင်ငံတွင် လုပ်ကိုင်စားသောက်ကြရင် ဘယ်လောက်ကောင်းလိုက်မလဲဟူသည့် အတွေးစိတ်ကူးများ တဖွဖွပေါ်ပေါက်နေပါတော့သည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၄၇၅ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ဝက်လက် စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၄၇၅ ကေထိ နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၃၁၁ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲ စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၄၇၅ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၁ ဒသမ ၂၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲ ၅၃၁၁ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်း ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဟင်္သာတမြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းနေ

**ဟင်္သာတ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းနေကြောင်း ဟင်္သာတမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ် ငါးဈေးကွက်အတွင်း ယခုနှစ် စက်တင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ငါးပုတ်သင်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ငါးပုတ်သင်တွေကို ဒေသတွင်းအပြင် ရန်ကုန်ဈေးကွက်ကပါ အရောင်းအဝယ်လိုက်နေပါတယ်။ အဓိက ကတော့ ရန်ကုန်ဈေးကွက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးပုတ်သင်တွေ အဝယ်လိုက်လာတာကြောင့်ဖြစ်ပါတယ်။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့မှု ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်"ဟု ဟင်္သာတမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များ အပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျ စစ်ဆေးသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြဝတီမြို့နယ် ထီးဝါပလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ စက်တင်ဘာ ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ထီးဝါပလောကျေးရွာအုပ်စု ထီးဝါပလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထီးဝါပလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပုံမှန်ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရေရှည် အောင်မြင်စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း ထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ထီးဝါပလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၈ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုသက်**

# မေတ္တာတရား ပြည့်ဝနိုင်ကြစေ

– စီးဆင်းရာ လိုက်လျော<br>
စိတ်သဘော ဆန္ဒတွေ၊<br>
ပို့မေတ္တာ ဂုဏ်ရသနဲ့<br>
အေးမြလို့နေ၊<br>
လုံးစုံသော သတ္တဝါတွေ<br>
ချမ်းမြေ့စေ အကြောင်းပြု၊<br>
မှန်းရည်ရွယ် စိတ်ကွန်ရက်ရဲ့<br>
ဖြန့်ကြက်အမှု။

– ကောင်းခြင်းဆောင် ပေးပို့ဆုက<br>
သမုဝန်းထဲ ရောက်နေပြီ၊<br>
ကိုယ့်ပုံစံ ကိုယ့်တန်ဖိုးနဲ့<br>
အုပ်မိုးထားသည်၊<br>
ရှင်းသန့်လို့ အသွေးကြည်<br>
ဂွမ်းဆီလို ကွန်းဖွဲ့၊<br>
လောကဘုံ သမုတစ်ခန်း<br>
လွှမ်းခြုံနိုင်ခဲ့။

– လင်းရောင်ခြည် တလဲ့လဲ့<br>
တသွဲ့သွဲ့ တသွင်သွင်၊<br>
မိုးယံဝယ် ကြယ်ကွန့်မြူးသလို<br>
ကြည်နူးစိတ်ရွှင်၊<br>
မေတ္တာတရားက စမ်းရေယဉ်<br>
ရှစ်ခွင်ဆီ မွှေ့နှစ်၊<br>
ပွားတစ်ဖန်<br>
များအလျှံ ပူးကပ်လို့ရယ်<br>
အသွားအပြန် ကူးခပ်လျှင်တော့<br>
(တို့တွေ...)<br>
မြင့်မြတ်လူဖြစ်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

# ရေနံချောင်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သဖန်းချောင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃၂ သိန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**နေဝ်လူး**

# ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရှာဖွေပေးနေသော သီဟိုဠ်သီးနှံအကြောင်း



ဗီယက်နမ်နိုင်ငံ၏သီဟိုဠ်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအကြောင်းများကို လေ့လာဖတ်ရှုမှတ်သားမိထားသမျှလေး ဆောင်းပါးပုံစံနှင့် ပြန်လည်ဖောက်သည်ချပြခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့စိုက်ပျိုးထုတ်လုပ်မှုအကြောင်းကို အောက်ပါအတိုင်း လေ့လာတွေ့ရှိသမျှ ရေးသားတင်ပြအပ်ပါသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် သီဟိုဠ်စေ့ထုတ်လုပ်မှုအများဆုံး နိုင်ငံများထဲမှ နိုင်ငံတစ်ခုအဖြစ်ရပ်တည်လျက်ရှိနေသည်။ ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်သီးနှံနှင့်ပတ်သက်၍ လက်ရှိအခြေအနေများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

**ထုတ်လုပ်မှုပမာဏနှင့် ကမ္ဘာ့ဈေးကွက်အနေအထား**

အဆင့်သတ်မှတ်ချက်အနေဖြင့် ဗီယက်နမ်သည် အင်ဒိုနီးရှား၊ အိန္ဒိယပြီးလျှင် ကမ္ဘာ့ တတိယ သို့မဟုတ် စတုတ္ထမြောက် သီဟိုဠ်စေ့အကြီးဆုံး ထုတ်လုပ်တင်ပို့သည့် နိုင်ငံဖြစ်သည်။ ထုတ်လုပ်မှုပမာဏအနေဖြင့် နှစ်စဉ်သီဟိုဠ်စေ့အဆန် တန်ချိန် ၁ ဒသမ ၅ သန်းမှ နှစ် သန်းခန့်ကြားတွင်ရှိသည်။ တင်ပို့မှုအနေဖြင့် ဗီယက်နမ်၏ သီဟိုဠ်စေ့ထွက်ကုန်များကို တရုတ်၊ အမေရိကန်နှင့် ဥရောပသမဂ္ဂ (EU) အပါအဝင် နိုင်ငံပေါင်း ၉၀ ခန့်သို့ တင်ပို့လျက်ရှိသည်။

**အဓိကစိုက်ပျိုးသည့်ဒေသများ**

ဗီယက်နမ်နိုင်ငံတွင် သီဟိုဠ်ပင်များကို မြစ်ဝကျွန်းပေါ် ဒေသများ၌ အဓိကထား၍ စိုက်ပျိုးကြသည်။(မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီးကဲ့သို့ ဧရိယာများတွင်ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ပါသည်။ ဤကားစကားချပ်)

**ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်နေသောဒေသများ (Mekong Delta)**

ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ထုတ်လုပ်မှု ၈၀ ရာခိုင်နှုန်းခန့်ကို မြစ်ဝကျွန်းပေါ်ဒေသမှရရှိသည်။ ဘင့်ထူးပြည်နယ် (Bnh Thun)၊ ဘာရီယာ-ဗွန်းထော်ပြည်နယ် (B RaVng Tu)၊ တီအင်ဂျီပြည်နယ် (Tin Giang) နှင့် ဒေါင်ချိုင်ပြည်နယ် (ng Nai) တို့သည် သီဟိုဠ်စေ့အဓိကထားစိုက်ပျိုးသည့် ပြည်နယ်များဖြစ်ကြသည်။

အရှေ့တောင်ပိုင်း ဒေသသည်လည်း သီဟိုဠ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု၏ ကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။

**စိုက်ပျိုးမှုနည်းစနစ်များနှင့် စိန်ခေါ်မှုများ**

စိုက်ပျိုးရေးနည်းပညာအနေဖြင့် ဗီယက်နမ်နိုင်ငံသည် သီဟိုဠ်သီးနှံစိုက်ပျိုးရေးတွင် ခေတ်မီနည်းပညာများကို ပြောင်းလဲအသုံးပြုလာလျက်ရှိသည်။ ရေသွင်းစနစ်၊ မျိုးကောင်းမျိုးသန့်သုံးစွဲမှုနှင့် စက်ကိရိယာများ အသုံးပြုမှုများတွင် အဆင့်မြင့်ခေတ်မီနည်းပညာများကို ပိုမိုအားထုတ်အသုံးပြုဆောင်ရွက်လာကြကြောင်း လေ့လာတွေ့ရှိရသည်။

**အရည်အသွေး မြှင့်တင်ခြင်း**

နိုင်ငံတကာဈေးကွက်၏ လိုအပ်ချက်ဖြစ်သော အရည်အသွေးမြင့် အော်ဂဲနစ်သီဟိုဠ်စေ့များစိုက်ပျိုးထုတ်လုပ်ရန် ကြိုးပမ်းမှုများလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**စိန်ခေါ်မှုများအနေဖြင့်**

ရာသီဥတု ပြောင်းလဲမှုများကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ဆားငန်ရေများဝင်ရောက်လာခြင်း၊ မိုးခေါင်ခြင်းတို့သည် မြစ်ဝကျွန်းပေါ်ဒေသရှိ သီဟိုဠ်စိုက်ခင်းများကို ခြိမ်းခြောက်လျက်ရှိသည်။

ကမ္ဘာ့ဈေးကွက်တွင် သီဟိုဠ်စေ့ဈေးနှုန်းမတည်ငြိမ်မှုသည်လည်း သီဟိုဠ်သီးနှံ စိုက်ပျိုးသူတောင်သူများအတွက် အခက်အခဲဖြစ်ပေါ်စေသည်။

ဈေးကွက်ယှဉ်ပြိုင်မှုအနေဖြင့် အာရှနိုင်ငံတချို့ (ထိုင်း၊ အင်ဒိုနီးရှား) နှင့် အာဖရိကနိုင်ငံများဈေးကွက်တွင် ယှဉ်ပြိုင်နေရသည်။

**အနာဂတ်မျှော်မှန်းချက်များ**

ထုတ်ကုန် မျိုးစုံထုတ်လုပ်ခြင်းတွင် ကုန်ကြမ်းအဖြစ်သာမက သီဟိုဠ်စေ့နို့၊ သီဟိုဠ်စေ့ဆီ၊ သီဟိုဠ်စေ့အခြောက်ခံအစားအစာ စသည့်ပြုပြင်ထုတ်လုပ်ထားသော တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့ရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

**အော်ဂဲနစ်နှင့်ရေရှည်တည်တံ့သောစိုက်ပျိုးရေး**

ပတ်ဝန်းကျင်နှင့်ညီညွတ်သော နည်းလမ်းများဖြင့် စိုက်ပျိုးပြီး အရည်အသွေးမြင့်ထုတ်ကုန်များ ဖန်တီးရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

**ဈေးကွက်သစ်များရှာဖွေခြင်း**

အခန်းကဏ္ဍ၌လက်ရှိတွင် တရုတ်ဈေးကွက်အပြင် အခြားသောဈေးကွက်သစ်များကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်းတွေ့ရှိနေရသည်။

အချုပ်အားဖြင့် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့သီဟိုဠ်စေ့ဈေးကွက်တွင် အဓိကနေရာမှပါဝင်နေပြီး ရာသီဥတုပြောင်းလဲမှုနှင့် ဈေးကွက်ယှဉ်ပြိုင်မှုစသည့်စိန်ခေါ်မှုများကိုရင်ဆိုင်လျက်၊ ခေတ်မီနည်းပညာများဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်၊ ထုတ်လုပ်မှုနှင့်နိုင်ငံခြားဝင်ငွေများကို ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း လေ့လာတွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံမှ သီဟိုဠ်စေ့ထုတ်ကုန်များ၏ တင်ပို့မှုပမာဏနှင့် နိုင်ငံခြားဝင်ငွေ အချက်အလက်များမှာအောက်ပါအတိုင်းလေ့လာတွေ့ရှိရပါသည်။ (မှတ်ချက်။ ။အောက်ပါကိန်းဂဏန်းများသည် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်းက အချက်အလက်များကို အခြေခံ၍ဖော်ပြပေးပါမည်။)

၂၀၂၃ ခုနှစ်အတွင်း အချုပ်အားဖြင့်တင်ပို့မှုတန်ချိန်လုံးဆန် (သီဟိုဠ်စေ့အဆန်) အနေဖြင့် တန်ချိန် ၆၂၀၀၀၀ ခန့်တင်ပို့ခဲ့သည်။ (၂၀၂၂ ခုနှစ်ကထက် ၁၆ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပါသည်။) တင်ပို့ငွေတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၇ ဘီလီယံခန့်ရရှိခဲ့သည်။ (၂၀၂၂ ခုနှစ်ကထက် ၁၉ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့သည်။) ကျဆင်းရခြင်း အကြောင်းရင်းမှာ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့ဈေးကွက်၏ ဝယ်လိုအားလျော့နည်းမှုနှင့် ဈေးနှုန်းကျဆင်းမှုတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

၂၀၂၂ ခုနှစ်သည် ဗီယက်နမ်အတွက် စံချိန်တင်ထုတ်လုပ်တင်ပို့မှုများရှိခဲ့သော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ တင်ပို့မှုတန်ချိန် ၇၄၀၀၀၀ ကျော်ရှိပြီး တင်ပို့ငွေ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆ ဘီလီယံကျော် (ဗီယက်နမ်ဒေါင်ငွေကျပ် VND ၄၈ ထရီလီယံ ကျော်)ရရှိခဲ့သည်။

၂၀၂၄ ခုနှစ်၏ ကိန်းဂဏန်းများအရ ပြန်လည်ကောင်းမွန်လာသည့် လက္ခဏာရှိသည်။

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံအနေဖြင့် သီဟိုဠ်စိုက်ဧက ၇၆၆၀၂၇ မှ အသီးကောက်ဧက ၇၅၃၆၇၁ ရှိခဲ့ပြီး တစ်ဧကအထွက်နှုန်း သုည ဒသမ ၄၅ တန်နှုန်းဖြင့် သီဟိုဠ်စေ့ကုန်ကြမ်းအထွက် ၃၄၀၁၀၀ တန်ထွက်ရှိခဲ့သည်။ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၈၆ နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇ ဘီလီယံခန့် စံချိန်တင်ရရှိခဲ့သည့် သီဟိုဠ်ရွှေရောင်နှစ်ဖြစ်ခဲ့သည်။

**❖ ဗီယက်နမ်နိုင်ငံတွင် သီဟိုစေ့ကုန်ကြမ်းကို တန်ဖိုးမြှင့်ထုတ်ကုန် သီဟိုဠ်အဆန်ထုတ်လုပ်ရာ၌ အလေးချိန်တစ်ပေါင်တွင် လုံးပြည့်အဆန် ၁၈၀ မှ ၃၂၀ အတွင်းပါဝင်သည့် W180/ W240 နှင့် W320 စသည့် သီဟိုဠ်အဆန်အဆင့်အတန်း Grade များကိုသာ ဦးစားပေးထုတ်လုပ်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံ၏ အဓိကသီဟိုဠ်အဆန်တင်ပို့သောနိုင်ငံများမှာ အမေရိကန်၊ တရုတ်၊ နယ်သာလန်၊ ဂျာမနီ၊ အင်္ဂလန်၊ ယူအေအီး၊ ဩစတြေးလျ၊ ကနေဒါ၊ ဆော်ဒီအာရေဗျနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ ❖**

ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့စက်ရုံများသည် ပြည်ပသို့တင်ပို့ရန်အတွက်နှစ်စဉ် သီဟိုဠ်စေ့ကုန်ကြမ်းတန်ချိန် သုံးသန်းမှ ၃ ဒသမ ၅ သန်းတန်ခန့် လိုအပ်ပြီး ပြည်တွင်း၌သီဟိုဠ်စေ့ကုန်ကြမ်းထွက်ရှိမှုမှာ တန်ချိန် သုံးသိန်းမှ ၃ ဒသမ ၅ သိန်းခန့်သာရှိရာ လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်ကြောင်းတွေ့ရှိရသည်။ ကမ္ဘောဒီးယားနှင့်အာဖရိကနိုင်ငံများမှ ၂၀၂၄ ခုနှစ်အတွင်း အမေရိကန် ဒေါ်လာသုံးဘီလီယံတန်ဖိုးရှိ သီဟိုဠ်စေ့ကုန်ကြမ်းတန်ချိန် ၂ ဒသမ ၃ သန်း တင်သွင်းခဲ့ရသည်။

ဗီယက်နမ်နိုင်ငံတွင် သီဟိုစေ့ကုန်ကြမ်းကို တန်ဖိုးမြှင့်ထုတ်ကုန် သီဟိုဠ်အဆန်ထုတ်လုပ်ရာ၌ အလေးချိန်တစ်ပေါင်တွင် လုံးပြည့်အဆန် ၁၈၀ မှ ၃၂၀ အတွင်းပါဝင်သည့် W180/ W240 နှင့် W320 စသည့်သီဟိုဠ်အဆန်အဆင့်အတန်း Grade များကိုသာ ဦးစားပေးထုတ်လုပ်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံ၏ အဓိကသီဟိုဠ်အဆန်တင်ပို့သောနိုင်ငံများမှာ အမေရိကန်၊ တရုတ်၊ နယ်သာလန်၊ ဂျာမနီ၊ အင်္ဂလန်၊ ယူအေအီး၊ ဩစတြေးလျ၊ ကနေဒါ၊ ဆော်ဒီအာရေဗျနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။

**အဓိကတင်ပို့ရာ နိုင်ငံများ (၂၀၂၃ ခုနှစ် အချက်အလက်များအရ)**

၁။ တရုတ်နိုင်ငံ (ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ ၆၅ ရာခိုင်နှုန်းခန့်ကို ဝယ်ယူပါသည်။)
၂။ အိန္ဒိယနိုင်ငံ
၃။ အမေရိကန်နိုင်ငံ
၄။ နယ်သာလန်နိုင်ငံ (ဥရောပသို့ ဝင်ရောက်သည့် အဓိက ဝင်ပေါက်အချုပ်)
၅။ ဂျာမနီနိုင်ငံတို့ဖြစ်ကြောင်းတွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ကုန်ကြမ်း(သီဟိုဠ်စေ့) အဖြစ်အများဆုံးတင်ပို့သကဲ့သို့ သီဟိုဠ်စေ့ဆီ၊ သီဟိုဠ်စေ့နို့၊ သီဟိုဠ်စေ့ဂျယ်လီ၊ သီဟိုဠ်စေ့အခြောက်ခံအစားအစာ စသည့်ပြုပြင်ထားသော ထုတ်ကုန်များကိုလည်း တင်ပို့နေပြီး ၎င်းတို့မှာ ပိုမိုမြင့်မားသော ဝင်ငွေများကိုရရှိနေသည်။

၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် သီဟိုဠ်စေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံရရှိရန်အတွက် ပြည်ပမှသီဟိုဠ်စေ့ကုန်ကြမ်းများကို တင်သွင်းခြင်း၊ ပြည်တွင်းတွင် သီဟိုဠ်စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးစေခြင်းနှင့် စိုက်ပျိုးထားသည့် သီဟိုဠ်စိုက်ခင်းများမှ တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်မြင့်မားလာစေရန် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း လေ့လာသုံးသပ်မိပါသည်။

**ကမ္ဘာ့သီဟိုဠ်ဈေးကွက်**

ကမ္ဘာ့သီဟိုဠ်ဈေးကွက် တည်ငြိမ်အားကောင်းလာစေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဈေးကွက်နှင့်သီဟိုဠ်စေ့ကုန်ကြမ်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်ရရှိလာစေရန်အတွက်လည်း မြန်မာနိုင်ငံအပါအဝင် သီဟိုဠ်စိုက်ပျိုးထုတ်လုပ်နေကြသော နိုင်ငံအသီးသီးက ဝိုင်းဝန်းပူးပေါင်းစီမံဆောင်ရွက်သင့်ပါကြောင်း လေ့လာဖတ်ရှုမှတ်သားမိသမျှကို ပြန်လည်မျှဝေလျက် အကြံပြုတိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

သော်ဇင်မောင်

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၃၇၄၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၃၇၄၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် ပဲကြီး ၃၇၄၄ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး သတ်မှတ်ဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်၍စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်တွင် ပဲကြီး ၃၇၄၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ပဲကြီးသီးနှံတွေ လျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေအချိန်မီရရှိရေး၊ အထွက်နှုန်းကောင်းတဲ့ မျိုးတွေရရှိရေး၊ စိုက်ပျိုးရေးနည်းပညာနဲ့ ပိုးမွှားရောဂါကင်းရှင်းရေးစတဲ့ စိုက်ပျိုးရေးအသိပညာပေးတာတွေကို ဆောင်ရွက်ပေးသွားပါမယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်းများ ကောင်းမွန်ရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံသော သီးနှံများကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဒေးဒရဲမြို့နယ် သက္ကယ်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ သက္ကယ်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမကြိမ်မြောက် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၉ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သက္ကယ်ချောင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးသူ**

# ဇလွန်မြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိမိဌေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာခြင်းသည် ပုသိမ်အပါအဝင် အခြားဒေသဈေးကွက်များက ဝယ်ယူအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ စက်တင်ဘာလ ပထမပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်တာဖြစ်ပါတယ်။ ပဲအထွက်နည်းလာလို့ အဝယ်လိုက်ပြီး



အရောင်းသွက်တာ ဖြစ်ပါတယ်" ဟု ဇလွန်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိမိဌေး ပြောပြသည်။

ဇလွန်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ကုန်တင်ကားများဖြင့် ဝယ်ယူသည့် ဒေသဈေးကွက်များသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀ မှ ၄၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စစ်ဆေး

**စလင်း စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစု ဝင်ငွေတိုးပွားစေရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေး စီမံကိန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တောစိမ့်ကျေးရွာအုပ်စု အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ အုတ်ဖိုကန်ကျေးရွာတွင် ယခုကောဒသမနှစ်စက်ဝန်း၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။ **သန်းသန်းစိုး**

# သဲကုန်းမြို့နယ် ရင်းတိုက်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေး

**သဲကုန်း စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရင်းတိုက်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ရင်းတိုက်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၉ ဦးကို ငွေကျပ် ၃၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၁၄၆ ဦးကို ငွေကျပ် ၃၉ ဒသမ ၃၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# စပီရူလိုင်းနား ခေါ် စိမ်းပြာရေညှိအကြောင်း သိကောင်းစရာ

စပီရူလိုင်းနားဆိုတာက ပင်လယ်ရေမှော်လို ရေညှိပင်တစ်မျိုးဖြစ်ပြီး ကြည်လင်သန့်ရှင်းတဲ့ ပတ်ဝန်းကျင်ရှိရေကန်တွေ၊ မြစ်တွေမှာ ပေါက်ရောက်ပေမဲ့ နိုင်ငံတိုင်းမှာမရှိပါဘူး။ စပီရူလိုင်းနားကိုမြန်မာလိုတော့ စိမ်းပြာရေညှိလို့ ခေါ်ပါတယ်။ စိမ်းပြာရေညှိက ကမ္ဘာမြေကြီးရဲ့ သက်တမ်းအရင့်ဆုံးသော သက်ရှိတစ်မျိုးလို့ဆိုရမှာ ဖြစ်ပါတယ်။ စိမ်းပြာရေညှိက ကမ္ဘာ့လေထုအတွက် အောက်ဆီဂျင်ထုတ်ပေးတဲ့တာဝန်ကို တစ်စိတ်တစ်ဒေသထမ်းဆောင်ပေးနေပါတယ်။ စိမ်းပြာရေညှိက ကမ္ဘာ့ပထမတန်းစား အစားအသောက်တစ်ရပ်ဖြစ်ပြီး ကမ္ဘာ့မြေပေါ်က အာဟာရဓာတ်အကြွယ်ဝဆုံးသောအစားအစာတွေထဲက တစ်ရပ်ဖြစ်ပါတယ်။

**စပီရူလိုင်းနားထွက်ရှိသောနိုင်ငံများ**

စပီရူလိုင်းနားက မက္ကဆီကိုနိုင်ငံရှိ တက်ကိုကိုကန်၊ ချက်နိုင်ငံရှိချက်ရေကန်နှင့် ဘိုဒူရေကန်၊ ရောင်ဘူရေကန်၊ ကင်ညာနိုင်ငံရှိ နာကူရူးရေကန်နှင့် အယ်လီမန်တီရှားရေကန်၊ အီသီယိုးပီးယားနိုင်ငံရှိ အရာဂွတ်ဒီရေကန်နှင့် ကီလိုတီးစ်ရေကန်၊တရုတ်နိုင်ငံရှိချန်ကိုင်းရေကန်တို့မှာထွက်ရှိပါတယ်။ မြန်မာနိုင်ငံမှာဆိုရင်လဲ စပီရူလိုင်းနားထွက်ရှိရာနေရာလေးနေရာရှိပြီး အားလုံးကတော့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာဖြစ်ပါတယ်။ အဲ့ဒါတွေကတော့ ဘုတလင်မြို့နယ်ရှိ တွင်းတောင်၊ ကနီမြို့နယ်အတွင်းရှိ တောင်ပျောက်အင်းနဲ့ တွင်းမအင်း၊ စစ်ကိုင်းမြို့နယ်ရှိ ရေခါးအင်းတို့ပဲ ဖြစ်ပါတယ်။

**စိမ်းပြာရေညှိတွင် ပါဝင်သော အာဟာရဓာတ်များ**

ရှားပါးပြီး သဘာဝအတိုင်းတွေ့ရတဲ့ စိမ်းပြာရေညှိဟာဆိုရင် အလှအပနဲ့ ကျန်းမာရေးအတွက် အလွန်အကျိုးရှိတဲ့အပြင် အာဟာရဓာတ်နဲ့ အသားဓာတ်များစွာပါဝင်ပါတယ်။ စပီရူလိုင်းနားဟာဆိုရင်ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံး ဖြည့်စွက်အားဖြည့်စာတစ်မျိုးလည်းဖြစ်ပါတယ်။ ဦးနှောက်နဲ့ ခန္ဓာကိုယ်ကိုထောက်ပံ့ပေးနေတဲ့ အာဟာရဓာတ်များစွာနဲ့ အင်တီအောင့်စီဒင့်တွေပါဝင်နေလို့ပဲ ဖြစ်ပါတယ်။ စပီရူလိုင်းနား တစ်ဂရမ်မှာဆိုရင် ပရိုတင်း၊ ဗီတာမင်ဘီ၀မ်း၊ ကယ်လ်ဆီယမ်နဲ့ သံဓာတ်တွေဟာ အခြားအစားအစာတွေနဲ့ ယှဉ်ရင်ပါဝင်မှုပိုများပါတယ်။ ပရိုတင်းဓာတ်တွေလဲ အများကြီးပါဝင်တာကြောင့် အစာချေဖျက်တာကို ကူညီပေးနိုင်တဲ့အပြင် ကိုလက်စထရောကိုလဲ တိုက်ထုတ်ပေးနိုင်ပါတယ်။ ဒါ့အပြင် စပီရူလိုင်းနားဟာ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အာဆင်းနစ်ဓာတ်ကို တိုက်ထုတ်ပေးနိုင်တဲ့အစွမ်းရှိပြီး ကလိုရိုဖီးလ်ပါဝင်မှု မြင့်မားတာကြောင့် သွေးတွင်းရှိအဆိပ်တွေကိုဖယ်ရှားကာ ကိုယ်ခံအား မြင့်တက်စေပါတယ်။ စပီရူလိုင်းနားမှာ ပရိုတင်းနဲ့ GLA (ဂမလီနိုလင်းနစ်)လို့ခေါ်တဲ့ အက်စစ်ဓာတ် အများကြီးပါဝင်ပါတယ်။ GLA ဆိုတာကရောင်ရမ်းမှုကို ကာကွယ်ပေးနိုင်တဲ့ အက်စစ်ဓာတ်ပဲဖြစ်ပါတယ်။ GLA ဓာတ်က မိခင်ရဲ့ နို့မှာပါရှိတတ်ပြီး အစားအစာတွေမှာ ပါဝင်မှုနည်းတာကြောင့် ရှားပါးဓာတ်လို့ ပြောလို့ရပါတယ်။ စိမ်းပြာရေညှိမှာ GLA ဓာတ်အပြင် အိုမီဂါ -၃၊အိုမီဂါ-၆၊အိုမီဂါ-၉ လဲပါဝင်ပါတယ်။ ပြီးတော့ အင်တီအောင့်စီဒင့်လဲပါဝင်တာမို့ ဆဲလ်တွေပျက်စီးခြင်းမှ ကာကွယ်ပေးပြီး ရောင်ရမ်းမှုကိုဆန့်ကျင်တဲ့ အစွမ်းထက်ဖိုင်ကိုစိုင်ယာနင်လည်း ပါဝင်နေပါတယ်။စပီရူလိုင်းနားက ခန္ဓာကိုယ်တွင်း အင်တီအောင့်စီဒင့်ပမာဏကိုတိုးလာနိုင်ခြင်း၊ သွေးပေါင်ချိန်ကို လျော့ကျနိုင်စေခြင်း၊ သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်ပေးခြင်း၊ ကိုလက်စထရောကို ကျစေနိုင်ခြင်း၊ အသည်းကျန်းမာရေးအတွက် အထောက်အကူပြုခြင်း၊ အဝလွန်ခြင်းမဖြစ်စေရန် ကာကွယ်ပေးခြင်းစတာတွေကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။စပီရူလိုင်းနားသောက်သုံးခြင်းဟာ လူတော်တော်များများမှာ အန္တရာယ်ကင်းပေမဲ့ အချို့လူတွေမှာတော့ ခန္ဓာကိုယ်မှာအဖုအပိန့်တွေ ထွက်လာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားတွေနာကျင်ခြင်း၊ ချွေးထွက်လွန်ခြင်း၊ အိပ်မပျော်ခြင်း စတာတွေ ဖြစ်တတ်ပါတယ်။

**မြန်မာနိုင်ငံမှ စပီရူလိုင်းနား ထုတ်လုပ်မှု**

တွင်းတောင်ကစိမ်းပြာရေညှိကို ထုတ်လုပ်ဖို့



၁၉၈၄ ခုနှစ်မှာ သုတေသနပြုပြီး ၁၉၈၈ ခုနှစ်မှာ စတင်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ တွင်းတောင်ရေညှိ ထွက်ကုန်အနေနဲ့ ပရိုဗီမင်ဆေး၊ စပီရူလိုင်းနား ဘီယာ၊စပီရူလိုင်းနားခေါင်းလျှော်ရည်စတဲ့ ထုတ်ကုန်တွေကို ပြည်တွင်းဆေးဝါးနဲ့ စားသောက်ကုန်အရောင်းဆိုင်တွေမှာ ရောင်းချပေးလျက်ရှိပါတယ်။

**စိမ်းပြာရေညှိ၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု**

စိမ်းပြာရေညှိမှာ ပရိုတင်းဓာတ် ၅၅ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်းအထိပါဝင်ပြီး ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ အမိုင်နိုအက်ဆစ်ရှစ်မျိုးနဲ့ သိပ်အရေးမပါတဲ့ အမိုင်နိုအက်ဆစ် ၁၀ မျိုးလောက် ပါဝင်နေပါတယ်။ ဂမလီနိုလင်းနစ် ခေါ် အက်စစ်ဓာတ်များစွာပါဝင်ပြီး၊ ဘီတာကယ်လ်ရိုန်္တက်၊ လီနိုလိအက်စစ်၊ arachidonic အက်စစ်၊ ဗီတာမင် B12၊ ကယ်လ်ဆီယမ်၊ ဖော့စဖရတ်နဲ့ အခြားအာဟာရဓာတ်များစွာပါဝင်ပါတယ်။ စိမ်းပြာရေညှိတစ်ခုတည်းမှာသာပါဝင်တဲ့ pigment-protein complex လဲပါဝင်ပါတယ်။ စိမ်းပြာရေညှိစားခြင်းဖြင့် အောက်ပါကျန်းမာရေး အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်။

**အာဟာရဓာတ်များစွာပါဝင်ခြင်း**

စိမ်းပြာရေညှိက ရေချိုရောရေငန်မှာပါ ပေါက်ရောက်တဲ့ သက်ရှိသတ္တဝါတစ်မျိုးပါ။ ဆိုင်ယာနိုဗက်တီးရီးယားတစ်မျိုးလို့လည်း ခေါ်ပါတယ်။ အပင်တွေနဲ့ဆင်တူတဲ့ ဆိုင်ယာနိုဗက်တီးရီးယားက နေရောင်ခြည်ကိုစုပ်ယူပြီး အစာချက်လုပ်မှုကနေတဆင့် အာဟာရဓာတ်တွေကို ထုတ်လုပ်ပေးပါတယ်။ စိမ်းပြာရေညှိမှာ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနိနဲ့ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ အာဟာရဓာတ်အားလုံးနီးပါး ပါဝင်ပါတယ်။ စိမ်းပြာရေညှိမှာ ဓာတ်တိုးဆန့်ကျင် အစွမ်းအာနိသင်တွေရှိသလို ရောင်ရမ်းမှုကိုလျော့ကျစေနိုင်စွမ်းလဲရှိပါတယ်။ စိမ်းပြာရေညှိမှာ အဓိကပါဝင်နေတဲ့ ဖိုင်ကိုဆိုင်ယာနင် (Phycocyanin) လို့ခေါ်တဲ့ ဒြပ်ပေါင်းတစ်မျိုးက ဖရီးရယ်ဒီကယ်တွေကိုတိုက်ထုတ်ပေးပြီး ရောင်ရမ်းမှုဖြစ်ပေါ်စေတဲ့ မော်လီကျူးတွေထုတ်လွှတ်မှုကို တားဆီးပေးပြီး ရောင်ရမ်းမှုတိုက်ဖျက်ပေးတဲ့ အာနိသင်နဲ့ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေကို ထုတ်လွှတ်ပေးပါတယ်။

**စိမ်းပြာရေညှိက လူ့ခန္ဓာကိုယ်ရှိအကျိုးမပြုကိုလက်စထရောပမာဏတွေကို ကျဆင်းစေနိုင်ခြင်း**

နှလုံးရောဂါက အခုလက်ရှိမှာ သေဆုံးမှုနှုန်းအမြင့်ဆုံးဖြစ်နေတဲ့ ရောဂါတစ်မျိုးဖြစ်နေပါတယ်။ စိမ်းပြာရေညှိက နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်ပါတယ်။လေ့လာမှုတစ်ရပ်မှာ အမျိုးအစား - ၂ ဆီးချိုရောဂါရှိသူ ၂၅ ဦးကို တစ်နေ့လျှင်စိမ်းပြာရေညှိနှစ်ဂရမ်စားသုံးစေတာက နှလုံးကျန်းမာရေးကိုကောင်းမွန်စေပြီး လူ့ခန္ဓာကိုယ်ရှိ အကျိုးမပြုကိုလက်စထရောပမာဏတွေကိုလဲ ကျဆင်းစေတယ်လို့တွေ့ရှိခဲ့ရပါတယ်။ နောက်ထပ်လေ့လာမှုတွေမှာ ကိုလက်စထရောပမာဏများနေတဲ့သူတွေကိုတစ်နေ့ကို စိမ်းပြာရေညှိ တစ်ဂရမ်ကျွေးတာက လူ့ခန္ဓာကိုယ်ရှိ အကျိုးမပြုကိုယ်လက်စထရောကို ၁၀.၁ ရာခိုင်နှုန်းထိ ကျဆင်းစေပါတယ်လို့တွေ့ရှိခဲ့ပါတယ်။ လေ့လာမှုတွေမှာတော့စိမ်းပြာရေညှိက အကျိုးမပြုကိုလက်စထရောတွေကိုကျဆင်းစေပြီး အကျိုးပြုကိုလက်စထရောကိုလည်းတိုးစေနိုင်ပါတယ်။

**ကင်ဆာတိုက်ဖျက်နိုင်တဲ့ အစွမ်းသတ္တိရှိခြင်း**

စိမ်းပြာရေညှိက ကင်ဆာတိုက်ဖျက်နိုင်တဲ့ အစွမ်းသတ္တိရှိတယ်လို့ အထောက်အထားအချို့ရှိပါတယ်။ တိရစ္ဆာန်လေးတွေနဲ့ စမ်းသပ်မှုအတွင်း စိမ်းပြာရေညှိက ကင်ဆာဖြစ်ပွားမှုနဲ့ ကင်ဆာကျိတ်တွေ ဖြစ်ပေါ်မှုကိုလျော့ကျစေနိုင်တယ်လို့တွေ့ရှိခဲ့ရပါတယ်။ စိမ်းပြာရေညှိက ခံတွင်းကင်ဆာရောဂါကို ကုသရာမှာအသုံးဝင်ပါတယ်။ စိမ်းပြာရေညှိမှ ကင်ဆာရောဂါတိုက်ဖျက်နိုင်တဲ့ အစွမ်းသတ္တိရှိပြီး ကင်ဆာရောဂါ အကြိုလက္ခဏာတွေကိုလဲ တိုက်ဖျက်ပေးနိုင်စွမ်းရှိပါတယ်။

**သွေးဖိအားကိုကျဆင်းစေနိုင်ခြင်း**

သွေးဖိအားများတာက ရုတ်တရက်နှလုံးရပ်တာ၊ လေဖြတ်တာနဲ့ နာတာရှည်ကျောက်ကပ်ရောဂါတွေကို ဖြစ်စေနိုင်ပါတယ်။ တစ်နေ့ကို စိမ်းပြာရေညှိ တစ်ဂရမ်လောက် စားသုံးပေးမယ်ဆိုရင် သွေးဖိအားကိုကျဆင်းစေပြီး ပုံမှန်သွေးဖိအားအနေအထားမှာ ထိန်းညှိပေးထားနိုင်မှာဖြစ်ပါတယ်။ နိုက်ထရိတ်အက်စစ်ထုတ်လွှတ်မှုကို တိုးတက်စေပြီး သွေးကြောတွေကိုပြေလျော့စေကာ သွေးကြောမကျဉ်းအောင်အထောက်အပံ့ပေးပါတယ်။ စိမ်းပြာရေညှိပုံမှန်စားသုံးပေးတာက သွေးပေါင်ချိန်ကို ကျဆင်းစေပြီး ရောဂါတော်တော်များများမဝင်ရောက်အောင် တားဆီးပေးပါတယ်။

**သွေးအားနည်းရောဂါကို ထိထိရောက်ရောက်ကာကွယ်ပေးနိုင်ခြင်း**

သွေးအားနည်းရောဂါ အမျိုးမျိုးရှိပါတယ်။ အတွေ့ရအများဆုံးသော သွေးအားနည်းရောဂါက သွေးတွင်းက ဟီမိုဂလိုဘင် (သို့) သွေးနီဥဆဲလ်တွေလျော့ကျမှုကြောင့် ဖြစ်ရတာဖြစ်ပါတယ်။လေ့လာမှုတစ်ရပ်အတွင်း သွေးအားနည်းရောဂါရှိတဲ့ သက်ကြီးရွယ်အိုအယောက် ၄၀ ကိုလေ့လာစမ်းသပ်မှုအတွင်း စိမ်းပြာရေညှိအားဖြည့်ဆေးစားသုံးပေးတာက သွေးနီဥဆဲလ်တွေထဲက ဟီမိုဂလိုဘင်ပါဝင်မှုကိုတိုးစေပြီး ကိုယ်ခံအားစနစ်ရဲ့ လုပ်ငန်းစဉ်တွေကို တိုးတက်စေနိုင်ပါတယ်လို့ဆိုပါတယ်။ စိမ်းပြာရေညှိက သက်ကြီးရွယ်အိုတွေမှာ သွေးအားနည်းရောဂါမဖြစ်အောင် ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ပါတယ်လို့ သိရပါတယ်။

**သွေးတွင်းသကြားဓာတ်ထိန်းညှိရာမှာ အထောက်အကူပေးနိုင်ခြင်း**

တိရစ္ဆာန်လေးတွေနဲ့လေ့လာမှုမှာ စိမ်းပြာရေညှိက သွေးတွင်းသကြားဓာတ်ကို သိသိသာသာကျဆင်းစေနိုင်တယ်လို့ တွေ့ရှိခဲ့ရပါတယ်။ဆီးချိုထိန်းညှိဆေး(Metformin ) အပါအဝင် လူသိများတဲ့ ဆီးချိုဆေးတွေမှာ ထည့်သွင်းဖော်စပ်ထားတာမျိုးတွေရှိပါတယ်။ စိမ်းပြာရေညှိကလူသားတွေအတွက်လဲ အထောက်အကူပြုပါတယ်။ အမျိုးအစား - ၂ ဆီးချိုဝေဒနာသည် ၂၅ ဦးကို လေ့လာမှုအတွင်း တစ်နေ့ကိုစိမ်းပြာရေညှိ နှစ်ဂရမ်စားသုံးပေးတာက သွေးတွင်းသကြားဓာတ်ပမာဏကို ကျဆင်းစေနိုင်တယ်လို့ သိရပါတယ်။

**သတိပြုရန်အချက်များ**

စိမ်းပြာရေညှိက ကျန်းမာရေးအတွက်အလွန်ကို အထောက်အကူပြုနိုင်တဲ့ အစာကြေလွယ်တဲ့ အစားအစာတစ်မျိုးပါ။ အိုင်အိုဒင်းဓာတ်ပါဝင်တာကြောင့် အိုင်အိုဒင်းဓာတ်မတည့်သူတွေအနေနဲ့ မစားသုံးသင့်ပါဘူး။ စိမ်းပြာရေညှိမှာ အသည်းကို ပျက်စီးစေနိုင်တဲ့အရာတွေ၊ အဆိပ်အတောက်ဖြစ်စေတဲ့အရာတွေနဲ့ အန္တရာယ်ရှိတဲ့ဗက်တီးရီးယားတွေ မပါဝင်တာကြောင့် လူအများစုအတွက် ကျန်းမာရေးအကျိုးကျေးဇူးတွေရရှိစေပါတယ်။ မသန့်စင်တဲ့ စိမ်းပြာရေညှိတွေက အသည်းပျက်စီးတာ၊ ဗိုက်အောင့်တာ၊ မအီမသာဖြစ်တာ၊ အော့အန်တာ၊ အားနည်းတာ၊ ရေငတ်တာ၊ နှလုံးခုန်မြန်တာ၊ ရုတ်တရက်မူးလဲတာနဲ့ သေဆုံးတာမျိုးတွေအထိဖြစ်ပေါ်ခံစားရနိုင်ပါတယ်။ စိမ်းပြာရေညှိက ကိုယ်ဝန်ဆောင်တွေနဲ့ နို့တိုက်မိခင်တွေအတွက် သင့်တော်ရဲ့လားဆိုတာကို သေချာမသိရသေးတာကြောင့် ကိုယ်ဝန်ဆောင်တွေနဲ့၊ နို့တိုက်မိခင်တွေအနေနဲ့ မသောက်သုံးသင့်ပါဘူး။

**အချုပ်အားဖြင့် ဆိုရသော်-**

စိမ်းပြာရေညှိဟာ ကျန်းမာရေးအတွက် ကောင်းကျိုးများစွာပေးစွမ်းနိုင်သော ဖြည့်စွက်အားဖြည့်စာတစ်မျိုးဖြစ်တာမို့ ပုံမှန်စားသုံးခြင်းဖြင့် ကျန်းမာရေးကောင်းကျိုးတွေကို ရရှိနိုင်မှာဖြစ်ပါကြောင်း လေ့လာရေးသား လိုက်ရပါတယ်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၆)**
- **ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၃)**
- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**

**နှင်းအိ(ရာမညမြေ)**

# တရုတ်-ဥရောပသမဂ္ဂ (EU) အနာဂတ်ဆက်ဆံရေး အလားအလာ

၁၉၇၅ ခုနှစ် မေလ ၆ ရက်တွင် တရုတ်နှင့် ဥရောပသမဂ္ဂ (EU) စီးပွားရေးအသိုက်အဝန်း (EEC) တို့သည် သံခင်းတမန်ခင်းဆက်ဆံရေးကို တရားဝင် ထူထောင်ခဲ့သည်။ ဆယ်စုနှစ်ငါးခုကြာကမ္ဘာလုံးဆိုင်ရာပြုပြင်ပြောင်းလဲမှု၏ အကျိုးဆက်တို့ကြောင့် တရုတ်နှင့် ဥရောပသမဂ္ဂ(EU)တို့သည် မရှိမဖြစ် မဟာဗျူဟာမြောက် မိတ်ဖက်များအဖြစ်ပေါ်ထွက်လာလျက်ရှိပြီး နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်း ပြုပြင်ပြောင်းလဲပုံဖော်တည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လာလျက်ရှိသည်။

တရုတ်နှင့် ဥရောပပူးပေါင်းဆောင်ရွက်မှု ငြိမ်းချမ်းစွာတိုးတက်လာခြင်းသည် နှစ်ဖက်စလုံးကိုစိတ်အားထက်သန်စေလျက်ရှိသည်။ ဆယ်စုနှစ်နှစ်ခုကြာဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် နှစ်ဖက်စလုံးကို အင်စတီကျူရှင်းပိုင်ဆိုင်ရာနယ်ပယ်စုံနှင့် အလွှာပေါင်းစုံတို့တွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေးအတွက် ကျယ်ပြန့်သောမူဘောင်များထူထောင်နိုင်စွမ်းရှိစေသည်။ လက်ရှိအချိန်တွင် ဥရောပနိုင်ငံများသည် သမိုင်းဝင်မဟာဗျူဟာမြောက်ရွေးချယ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ဥရောပ၏ မဟာဗျူဟာမြောက်လွတ်လပ်မှု၊ ဘက်စုံလွှမ်းခြုံသောအင်အားနှင့် မဟာဗျူဟာမြောက်နိုးကြားလာမှုတို့ကို ခပ်စိပ်စိပ်မြင်တွေ့လာရပြီဖြစ်သည်။ ထို့ကြောင့် တရုတ်-ဥရောပ ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက်ဆက်ဆံရေး၏ ခေတ်သစ်တန်ဖိုးနှင့် မဟာဗျူဟာမြောက်ထူးခြားမှုတို့သည် သိသာထင်ရှားစွာ ပေါ်လွင်လာလျက်ရှိသည်။

**အရွေ့အပြောင်းအခင်းအကျင်းတွင် ဥရောပ၏ စိန်ခေါ်မှုများ**

လွန်ခဲ့သောရာစုနှစ်များအတွင်း ဥရောပသည် စက်မှုလုပ်ငန်းနှင့် ခေတ်မီအဆင့်မြင့်တည်ဆောက်ခြင်းတို့တွင် ဦးဆောင်မှုအခန်းကဏ္ဍ၌ ရပ်တည်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာနိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဗဟိုချက်မအဖြစ်ပေါ်ထွက်လာခဲ့သည်။ တစ်ချိန်က ဥရောပ၏အောင်မြင်သော အတွေ့အကြုံများသည် ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသောဒေသများက အတုယူလုပ်ဆောင်ရန် စံပြပုံစံအဖြစ်အထောက်အကူပြုခဲ့သည်။

ဒုတိယကမ္ဘာစစ်ပွဲအလွန်ကာလတွင် ဥရောပသည် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ခိုင်မာအားကောင်းမှု၊ ထိရောက်သောစီမံအုပ်ချုပ်မှုနှင့် အမေရိကန်-ဆိုဗီယက်ပြိုင်ဆိုင်မှုတို့ဖြင့်လွှမ်းမိုးနေသောကမ္ဘာကြီးတွင် လူမှုသက်သာချောင်ချိရေးမြင့်မားမှုတို့ကြောင့် သိသာထင်ရှားသည့်ကမ္ဘာလုံးဆိုင်ရာလွှမ်းမိုးမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ သို့သော် ၂၁ ရာစုအစပိုင်းမှစ၍ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးနှင့် စီးပွားရေးအင်အားအရွေ့သည် အရှိန်မြင့်တက်လာလျက်ရှိသောကြောင့် ဥရောပ၏ ဘက်စုံလွှမ်းခြုံသော အင်အားနှင့် နိုင်ငံတကာလွှမ်းမိုးမှုတို့သည် သိသိသာသာကျဆင်းလာခဲ့သည်။

နိုင်ငံတကာနိုင်ငံရေးလောကတွင် အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုသည် ပိုမိုပြင်းထန်လာလျက်ရှိသည်။ ပထဝီနိုင်ငံရေးဆိုင်ရာ ပြိုင်ဆိုင်မှုကို နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနည်းလမ်းတို့ဖြင့် တိုးမြှင့်လုပ်ဆောင်လာသောကြောင့် ဥရောပ၏စံနှုန်းသတ်မှတ်ချက်များ၊ ယဉ်ကျေးမှုနှင့်နိုင်ငံခြားရေးမူဝါဒတို့သည့် မျက်မှောက်ခေတ် ပထဝီနိုင်ငံရေးဆိုင်ရာတောင်းဆိုချက်များကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်စွမ်းမရှိတော့ပေ။

အိမ်ဖြူတော်သို့ ဒေါနယ်ထရန့်ပြန်လည်ရောက်ရှိလာပြီးနောက် ၎င်း၏အစိုးရအဖွဲ့သည် ဥရောပမဟာမိတ်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှု မဟာဗျူဟာမြောက်အမြင်တို့ကို ပြန်လည်သတ်မှတ်ခဲ့သည်။ ထိုသို့ကြိုတင်ခန့်မှန်းရန်ခက်ခဲသည့် နိုင်ငံရေးဆိုင်ရာပြောင်းလဲမှုသည် ဥရောပစီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများကို မတည်မငြိမ်ဖြစ်စေသလို ဥရောပနှင့် အမေရိကန်တို့ကြား လူဦးရေဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုအပေါ် ညှိနှိုင်းဆောင်ရွက်မှုသည် နိုင်ငံရေးဆိုင်ရာ အခြေခံအုတ်မြစ်များကို ထိခိုက်မှုဖြစ်လာလျက်ရှိသည်။

အဆိုပါဖိအားများသည် ဥရောပ၏ မဟာမိတ်အပေါ်မှီခိုမှု မဟာဗျူဟာမြောက် မူဘောင်တွင် အားနည်းချက်များ ဖြစ်ပေါ်စေလျက်ရှိသည်။

အမေရိကန်သည် ဒေသတွင်းလုံခြုံရေး ဗိသုကာမူဘောင်အတွင်း၌ ဥရောပဒေသတွင် မဟာဗျူဟာမြောက် ဖြတ်တောက်လျှော့ချမှုကို တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိသည်။ ဥရောပ



၏အနှစ်မရှိသော ကာကွယ်ရေးစွမ်းဆောင်ရည်များသည် လက်ရှိအချိန်တွင် အကာအကွယ်မဲ့လျက်ရှိသောကြောင့် ပြင်းထန်သောဟာကွက်များဖြစ်ပေါ်လျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း ရှည်လျားလှသောယူကရိန်းပဋိပက္ခသည် ဥရောပဒေသအား ဒုတိယကမ္ဘာစစ်ပြီးနောက် ၎င်းတို့မြေပေါ်တွင် အကြီးမားဆုံးစိန်ခေါ်မှုကိုဖြေရှင်းရန် ရုန်းကန်ရလျက်ရှိသည်။

ဥရောပသည် အမေရိကန်နှင့်ရုရှားတို့ကြား ပထဝီနိုင်ငံရေးဆိုင်ရာစစ်ကစားမှုတွင် နယ်ရုပ်များဖြစ်လာပြီဆိုသော စိုးရိမ်ပူပန်မှုများ မြင့်တက်လာလျက်ရှိပြီး လုံခြုံရေးဆိုင်ရာအကျိုးစီးပွားများကိုလည်း ထိခိုက်လျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း အမေရိကန်က သတ်မှတ်ကာကွယ်ရေးအသုံးစရိတ်ပြည့်မီသည့် မဟာမိတ်များကိုသာလျှင် လုံခြုံရေးဆိုင်ရာအာမခံချက် ပေးသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်လျက်ရှိပြီး ဥရောပဒေသတွင် အမေရိကန်စစ်ဘက်ဖြန့်ကြက်ထားမှုကို လျှော့ချသွားရန်စီစဉ်လျက်ရှိသည်။ ထို့ကြောင့် လက်ရှိအချိန်တွင် ဥရောပ၏ လုံခြုံရေးဆိုင်ရာ ဗိသုကာပုံစံသည် မသေချာမရေရာမှုများနှင့် တိုးမြှင့်ရင်ဆိုင်ရလျက်ရှိသည်။

စီးပွားရေးနှင့် နည်းပညာဆိုင်ရာနယ်ပယ်များတွင် ဥရောပသည်မြင့်တက်လာသည့် ကမ္ဘာလုံးဆိုင်ရာနည်းပညာပြိုင်ဆိုင်မှု၊ အစိမ်းရောင်စီးပွားရေးပြောင်းလဲမှုများနှင့် ဒစ်ဂျစ်တယ်ပြောင်းလဲမှုများကဲ့သို့သော ကာလလတ်နှင့် ကာလရှည်စိန်ခေါ်မှုများအပြင် ကုန်ထုတ်လုပ်မှုကျဆင်းလာခြင်း၊ ပြည်တွင်း၊ပြည်ပလိုအပ်ချက်မြင့်မားလာခြင်း၊ စွမ်းအင်အရောင်းကွင်းဆက်ပြန်လည်ချိန်ညှိခြင်း အပါအဝင် လတ်တလောဖိအားများကိုလည်းရင်ဆိုင်ဖြေရှင်းရလျက်ရှိသည်။ ဥရောပဇုန်စီးပွားရေးတိုးတက်မှုသည် ၂၀၂၄ ခုနှစ် တတိယလေးလပတ်ကာလတွင် နှေးကွေးနေခဲ့ပြီး စီးပွားရေးဦးဆောင်နိုင်ငံများဖြစ်သည့် ဂျာမနီနှင့် ပြင်သစ်တို့သည် အနုတ်ပင်ပြခဲ့သည်။ အထူးသဖြင့် ဂျာမနီသည် နှစ်နှစ်ဆက်တိုက် စီးပွားရေးကျဆင်းလျက်ရှိသည်။

လူမှုရေးနယ်ပယ်တွင် ဥရောပနိုင်ငံများသည် အစဉ်အလာလူမှုရေးစံနှုန်းများ ထိန်းသိမ်းရန် ရှုပ်ထွေးသောလုပ်ငန်းများကို ရင်ဆိုင်နေရသလို ခေတ်ပေါ်လူနေမှုဘဝများကို ဖြေရှင်းရန် ဖွဲ့စည်းမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း ရင်ဆိုင်ရလျက်ရှိသည်။ အောက်ခြေလူတန်းစားများ၏ မျှော်မှန်းချက်များနှင့် နိုင်ငံရေးလောကမှ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အစီအစဉ်များကြား အချိတ်အဆက်မမိခြင်းကို သိသိသာသာမြင်တွေ့လာရသည်။

**ဥရောပ၏နိုးကြားလာမှုနှင့် မဟာဗျူဟာမြောက် လုပ်ပိုင်ခွင့်ကို ဆက်လက်ဖော်ဆောင်ခြင်း**

ဥရောပ၏ မူဝါဒဆိုင်ရာလမ်းကြောင်းတွင် အင်အားနှင့်နိုးကြားမှုဆိုသော အသုံးအနှုန်းသည် ပြန်လည်ပေါ်ထွက်လာလျက်ရှိသည်။ နိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒဆိုင်ရာ ဥရောပအဆင့်မြင့်ကိုယ်စားလှယ်ဂျိုးဇက်ဘောရယ်သည် ၂၀၂၂ ခုနှစ်တွင် ဥရောပ၏ ပထဝီနိုင်ငံရေးဆိုင်ရာနိုးကြားလာမှုကို မီးမောင်းထိုးပြသခဲ့သည်။ ထိုအချိန်မှစ၍ ဥရောပ၏ နိုးကြားမှုသည် လုံခြုံရေးနှင့်ကာကွယ်ရေးကဏ္ဍတို့တွင်ပိုမိုမြင့်တက်လာခဲ့သည်။ ဂျာမနီဝန်ကြီးချုပ် ဖရက်ရစ်ချ်မိရက်ဇ်က ဥရောပ၏အဓိကဦးစားပေးလုပ်ငန်းသည်အင်အားတောင့်တင်းအောင် ဆောင်ရွက်ရန်နှင့် အမေရိကန်အပေါ်မှီခိုနေရမှုမှ လွတ်မြောက်ရန်ပင်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ထရန့်အစိုးရအဖွဲ့၏ မတည်ငြိမ်သောမူဝါဒများကြောင့် ဥရောပသည်ပထဝီနိုင်ငံရေး၊ စစ်ဘက်လုံခြုံရေးနှင့် အခြားသောနယ်ပယ်များတွင် အမေရိကန်အပေါ် မှီခိုနေမှုအားပြန်လည်သုံးသပ်ပြီး မဟာဗျူဟာမြောက်ဆုံးဖြတ်လုပ်ပိုင်ခွင့်ကိုပြန်လည်ရယူနေပြီဖြစ်သည်။ အမေရိကန် - ဥရောပ ဆက်ဆံရေးကို ပြန်လည်ဟန်ချက်ထိန်းညှိရန် လက်ရှိအချိန်တွင် နိုင်ငံရေး၊လုံခြုံရေးနှင့် စီးပွားရေး ကုန်သွယ်မှုနယ်ပယ်များတွင် ပြန်လည်ချိန်ညှိမှုများ လုပ်ဆောင်နေပြီဖြစ်သည်။

လုံခြုံရေးနယ်ပယ်တွင် ဥရောပကောင်စီသည် လာမည့်လေးနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၉၄၄ ဒသမ ၆၈ ဘီလီယံ အသုံးပြုသွားမည်ဖြစ်သည်။ ကာကွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ခြင်း၊ စစ်ဘက်ဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများပိုမိုဆောင်ရွက်ခြင်း၊ ပူးတွဲစစ်လက်နက်ဝယ်ယူရေးအစီအစဉ်များနှင့် အခြားသောအစီအမံများလုပ်ဆောင်ခြင်းဖြင့် အမှီအခိုကင်းသောဥရောပလုံခြုံရေးဗိသုကာ တည်ဆောက်ရန်ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။ စီးပွားရေးနယ်ပယ်တွင် ဥရောပသည် အမေရိကန်ဆိုင်ရာ မဟာဗျူဟာများပြန်လည်ဆန်းစစ်ခြင်း၊ စီးပွားရေးအကျိုးရလဒ်များကို ကာကွယ်ရန်ရရှိနိုင်သော အထောက်အကူပစ္စည်းများ အသုံးပြုရန် စီမံဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**တရုတ်-ဥရောပဆက်ဆံရေးအတွက် အခွင့်အလမ်းများနှင့်သာယာဝပြောမှုများ**

အမှန်တော့တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုစဉ်ဆက်မပြတ် ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်းသည် ဥရောပဒေသကို နိုင်ငံတကာလွှမ်းမိုးမှုမြှင့်တင်ရန်နှင့် ကုန်သွယ်မှုဆိုင်ရာစွန့်စားရနိုင်ခြေများကိုကာကွယ်နိုင်ရေးအတွက် မှန်ကန်သော ရွေးချယ်မှုတစ်ခုအဖြစ် သယ်ပိုးစေနိုင်မည်ဖြစ်သည်။ ဥရောပဒေသသည် တရုတ်၊ အမေရိကန်တို့နှင့်ဆက်ဆံရေးကို ပြန်လည်ဟန်ချက်ထိန်းညှိသွားရန်လိုအပ်ပြီး အထူးသဖြင့် တရုတ်-ဥရောပ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများ တည်ငြိမ်စေရန် စီးပွားရေးနှင့် ကုန်သွယ်မှုနယ်ပယ်တွင် တရုတ်နိုင်ငံအပေါ် လိုက်လျောညီထွေရှိသည့် ရပ်တည်ချက်များ ချမှတ်သွားသင့်သည်။

ထိုသို့လုပ်ဆောင်ခြင်းသည် တရုတ်နှင့်ဥရောပ အပြန်အလှန်ဆက်ဆံရေး ခိုင်မာအားကောင်းလာစေရန် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်နှင့် အခွင့်အလမ်းများ ကမ်းလှမ်းသွားမည်ဖြစ်သည်။ အမေရိကန်၏ စည်းကြပ်ခွန်ခြိမ်းခြောက်မှုများ မြင့်တက်နေသည့်အချိန်တွင် ဥရောပသည် တရုတ်နိုင်ငံအပေါ် အပြုသဘောဆောင်စွာ ရှုမြင်လာပြီး တရုတ်ဆိုင်ရာမူဝါဒများ ပြန်လည်သုံးသပ်လိုသော ရည်ရွယ်ချက်ကို ထုတ်ဖော်ပြသလျက်ရှိသည်။

တရုတ်- ဥရောပ ပူးပေါင်းဆောင်ရွက်မှုသည် သံတမန်ဆက်ဆံရေး နှစ်(၅၀)ပြည့်နှစ်ပတ်လည်မှစ၍ စိန်ခေါ်မှုအသစ်များကိုရင်ဆိုင်ရသလို အခွင့်အလမ်းအသစ်များကိုလည်း ကြိုဆိုလျက်ရှိသည်။ တရုတ်နှင့်ဥရောပတို့သည် ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများမှတစ်ဆင့် နိုင်ငံပေါင်းစုံဝါဒ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုနှင့် လွတ်လပ်သောကုန်သွယ်မှုကဲ့သို့သောမူဝါဒများဆိုင်ရာ ဘုံသဘောထားများ တည်ဆောက်ပြီး အစိမ်းရောင်ပြောင်းလဲမှု၊ ဒစ်ဂျစ်တယ်ပြောင်းလဲဖော်ဆောင်မှု၊ စွမ်းအင်ကူးပြောင်းခြင်း၊ ဒေသတွင်းပဋိပက္ခဖြေရှင်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအပါအဝင် နယ်ပယ်များစွာတွင် နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ တရုတ်နှင့် ဥရောပတို့သည် အမေရိကန်-တရုတ်တင်းမာမှုများနှင့် ဥရောပ၏ ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းလာအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- Europe's Strategic Choice and the Future of China– EU Relation by CHINA TODAY.

**မောင်စိန်အိ(နဘဲမြေ)**

# ကန့်ဘလူမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၂၂၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းဧက၂၂၅၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေရှိမယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါမယ်" ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ်ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူတွေနှင့် ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် မဇ္ဈိမလွယ်ခေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ နောင်တောကျေးရွာအုပ်စု မဇ္ဈိမလွယ်ခေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို စက်တင်ဘာ ၂၃ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်း၊အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မဇ္ဈိမလွယ်ခေါ်ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၈၈ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း ၁၉၂ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများလည်ပတ်လျက်ရှိကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”
“လွတ်လပ်မျှတ၊ မဲပေးကြ”

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm







## ပျောက်ဆုံးကြောင်း

ဟိုပင်မြို့နယ်၊ မြို့မမြောက်ရပ်ကွက်နေ မောင်ဟိန်းထွန်း (ဘ) ဦးချင်းချို(၁/ဟပန(ပြု)၀၀၀၀၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB–715890)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–895974858

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်ချစ်မေ (ဘ) ဦးရွက်ငင်း(၁/ကမန(နိုင်)၀၀၉၀၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB–207063)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–440500040

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်ချစ်မေ (ဘ) ဦးရွက်ငင်း(၁/ကမန(နိုင်)၀၀၉၀၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB–207063)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–440500040

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ စိုးထိုက်ဦး (ဘ) ဦးခင်မောင်စိုး(၉/ခမစ(နိုင်)၀၂၅၇၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC–388726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–444035519

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်(၅)နေ မပြည့်ပြည့်ဖြိုး (ဘ) ဦးအောင်ကြီး(၉/ပဥလ(နိုင်)၀၅၉၉၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME–728852)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–407077686

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်နေ မောင်အောင်ကျော်စိုး (ဘ) ဦးကျော်သင်း(၁၃/တကန(နိုင်)၂၃၇၀၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC–484186)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–407077686

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ အိမ်အမှတ်(၄/၅၃)၊ ခတ္တာလမ်း၊ ရကက(၁၀)နေ မခိုင်မီမီထွဏ်း (ဘ) ဦးဇော်ထွဏ်း(၉/မမန(နိုင်)၀၈၃၈၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–2046511

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထကညောင်ရွှေကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မောင်ထွန်းဇော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းထွန်းဖြစ်ပါကြောင်း။ **ဦးစိုင်းထွန်း(၁၃/ဆဆန(နိုင်)၁၃၄၈၀၃)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထကညောင်ရွှေကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မဝေသူခိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းမောင်ဖြစ်ပါကြောင်း။ **ဦးဝင်းမောင်(၉/ကဆန(နိုင်)၀၂၄၆၅၁)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ အေးမွန်လွင် (ဘ) ဦးမင်းလွင်(၅/ရဥန(နိုင်)၀၅၆၂၆၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–790117006

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ မော်တောင်းရွာနေ မခမ်းကို (ဘ) ဦးရွှေကျောင်း(၁၃/မဆတ(နိုင်)၀၂၂၈၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA–579321)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–661302762

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထကသံရွာကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မသွန်းဖူးအိန်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစောသန့်စင်ထွန်းဖြစ်ပါကြောင်း။

**ဦးစောသန့်စင်ထွန်း(၉/မနမ(နိုင်)၀၉၉၃၂၂)**

## အဖိုးတန်ရေချိုကို ချွေတာပါ

## စက်ပြုပြင်ရန် အပ်နှံထားသူများသို့ လေးစားစွာဖြင့် အသိပေးအကြောင်းကြားခြင်း

မန္တလေးမြို့၊ ၃၁ လမ်း၊ ၈၀ x ၈၁ လမ်းတွင် ဖွင့်လှစ်ထားသည့် TCL Service Center တွင် (2022 မှ 2024)အထိ ၃ နှစ်တာကာလအတွင်း အပ်နှံထားသည့်စက်များကို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၃၁–၁၀–၂၀၂၅)အတွင်း လက်ခံဘောင်ချာများဖြင့် လာရောက်ရွေးယူပေးပါရန် အသိပေးအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ပြန်လည်ရွေးယူခြင်းမရှိသည့်စက်များကို စာရင်းသဘောအရ ရှင်းလင်းသွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။

**TCL Service Center**

**09–260621709၊ 09–260621708၊ 09–260621707**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးသည် မိမိတို့၏ အန္တိမ ရည်မှန်းချက်ပင်ဖြစ်...

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာလေ့လာထားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးများကို အထူးကုန်ရထားဖြင့် ပို့ဆောင်



**နေပြည်တော် စက်တင်ဘာ ၂၄**

ငလျင်ဘေးဒဏ်ခံခဲ့ရသော ဒေသများရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော HRB 500 အမျိုးအစား သံချောင်းလုံးများကို ရန်ကုန်မြို့မှ မန္တလေးမြို့သို့ အထူးကုန်ရထားဖြင့် ပို့ဆောင်ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါအထူးကုန်ရထားသည် HRB 500 အမျိုးအစား သံချောင်းလုံး စုစုပေါင်း တန်ချိန် ၄၈၆ ဒသမ ၈၈၆ တန်ကို တင်ဆောင်၍ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မလွှကုန်းဘူတာမှ တစ်ဆင့် စတင်ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်ခဲ့ပြီး နေပြည်တော်မှ ဆက်လက်ထွက်ခွာခဲ့ရာ မန္တလေးမြို့ မြို့ဟောင်းဘူတာသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၁၉ ကော်လံ ၁** ☆


# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှ စက်တင်ဘာ ၃၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊

**စာမျက်နှာ ၁၉ ကော်လံ ၄** ❑

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် စက်တင်ဘာ၂၅ ရက်မှ ၂၆ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် လေးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်**

စာမျက်နှာ - ၂၁

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။